သည်လည်း။ ဟောတဲ့၊ ဧ။ နဒ္ဒစိဝရဿ၊ သော။ ဘိက္ခုနောစ၊ အားလည်း။ အကပ်ယဲနာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ နာပဇ္ဇတိ၊ သတည်း။ ။ပြန်၊ ။တသ္မာ၊ ကြောင့်။ ကေ၊ သော။ စီဝရံ၊ ကို။ နိဝါသေတွာ၊ ၍။ ဒွေ၊ ကုန်သော။ စီဝရာနိ၊ တို့ကို။ ဟတ္ထေန၊ ဖြင့်။ ဂဟေတွာ၊ ၍။ ဝိဟာရံ၊ သို့။ ဂန္ဒွာ၍။ ဝိနယကမ္မံ၊ ကို။ ကာတဗ္ဗံ၊ သတည်း။ ဒုရေ၊ သော။ ဌာနေ၊ ၌။ ဝိဟာရော၊ သည်။ သစေဟောတိ၊ အံ့။ အန္တရာမဂ္ဂေ၊ ၌။ မနုဿာ၊ တို့သည်။ သစေသဗ္ဗရန္တိ၊ ကုန်အံ့။ ကေ၊ သော။ စီဝရံ၊ ကို။ နိဝါသေတွာ၊ ၍။ ကေ၊ သော။ စီဝရံ၊ ကို။ ပါရုပိတွာ၊ ၍။ ကေ၊ သော။ စီဝရံ၊ ကို။ အံသကုဋ္ဌေ၊ ပခုံးဆိအထွဋ်၌။ ထပေတွာ၊ ၍။ ဂန္တဗ္ဗံ၊ ရာသတည်း။ ဝိဟာရေ၊ ၌။ သဘာဂဘိက္ခူ။်တူသောအဘိုရိကုန်သောရဟန်းတို့ကို။ (သမာနောဘာဂေါ်တေသန္တိ။ ။သဘာဂါ်စဘေဘိက္ခူ။စာတိ)။ ။သစေနပဿတိ၊ အံ့။ ဘိက္ခာစရိယံ၊ဆွမ်းအလို့ငါ်သွဿ်သည်ကုန်ရာပြဒ်သော။ ။(စရန္တိတ္ထောတိ။ ။ဘိက္ခာယစာရော) ဂါ်မံ သို့။ ။ထည့်။ ။ဂတာ၊ ကုန်သည်။ သစေဟောန္တိ၊ ကုန်အံ့။ သဒ်ါဒဲ့၊ကို။ ဗဟိဂါ်မေ၌။ထပေတွာ၊ ၍။ သန္တရုတ္တရေန၊ ဖြင့်၊ အာသန သာဝံ သို့ ဂန္ဒွာ၍။ ပိနယကမ္မံ၊ ကို။ ကာတဗ္ဗံ၊ သတည်း။ ဗဟိဂါ်မေ ၌။ ဧစောရဘယံ၊ ခိုးသူကြောင့်ဖြစ်သောဘေးသည်။ ။(စောရာပဝဇ္ဇဘယံ။ ။)သစေဟောတိ၊ အံ့။ ပါရုပိတွာ၊ ၍။ ဂန္တဗ္ဗံ၊ သတည်း။ အာသနသာလာ၊သည်။ သမ္ဗာဓာ၊ကျဉ်းမြောင်း၊သည်။ ဇနာကိဏ္ဏာ၊ လူတို့ဖြင့်ပြွမ်းသည်။ ။(ဇနေဟိအာကိဏ္ဏာ)။ ။ဧကမန္တေ၊ ၌။ စီဝရံ၊ ကို။ အပနေတွာ၊ ၍။ ဝိနယကမ္မံ၊ကို။ ကာတုံ၊ ငှါ။ နသက္ကာ၊သည်။ သစေဟောတိ၊ အံ့။ ဧကော၊ သော။ ဘိက္ခု၊ ကို။ အာဒါယ၊ ၍။ ဗဟိဂါမံ၊ သို့။ ဂန္ဒွာ၊ ၍။ ဝိနယကမ္မံ၊ ကို။ ကတွာ၊ ၍။ စိဇ်ရာနိ၊ တို့ကို။ ပရိဘုဉ်တဗ္ဗာနိ၊ ကုန်၏။ ဘိက္ခု။်၊ တို့သည်။ ဒဟရာနံ၊ ငယ်ကုန်သော။ ဘိက္ခု။်နံ၊ တို့၏။ ဟတ္ထေ ၌။ ပတ္တစီဝရံ၊ ကို။ ဒတ္တွာ၊ကုန်၍။ မဂ္ဂံ၊ကို။ ဂစ္ဆန္တာ၊ ကုန်သည်ရှိသော်။ ပန္ထိမေ၊ သော။ ယာမေ၊ ၌။ သယံတုကာမာ၊ ကုန်သည်။ သစေဟောန္တိ၊ ကုန်အံ့။ အဘ္ဘန်နောအတ္တနော၊၏။ စီဝရံ၊ ကို။ဟတ္ထပါသေ၊၌။ ကတွာဝ၊ ကုန်၍ သာလျင် သယံတဗ္ဗံ၊ ရာ၏။ ဘိက္ခု။်နံ၊ တို့သည်။ ဒဟရာနံ၊ကုန်သော။ ဘိက္ခု။်နံ၊ တို့၏။ ဟတ္ထေ၊ ၌။ စီဝရံ၊ ကို။ ဒတ္တွာ၊ ကုန်၍။ မဂ္ဂံ၊ ကို။ ။ လိုက်။ ။ဂစ္ဆန္တာနံယေဝ၊ ကုန်စဉ်သာလျင်။ ဒဟရေသု၊ ကုန်သော။ ဘိက္ခု။သု၊ တို့သည်။ အာသမ္ပတ္တေသု၊ ကုန်မီ။ အာရုဏံ၊ သည်။ သစေဥဂ္ဂစ္ဆတိ၊အံ့။ စီဝရံ၊ ကို။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊၏။ နိဿယော၊ပန၊

သည်ကား။ နပဋိပ္ပဿမ္ဘာတိ၊ မငြိမ်း။ ဒဟရာနံ၊ ကုန်သော။ ဘိက္ခု။နံ၊ တို့သည်။ ပုရတော၊ မှ။ ဂစ္ဆန္တာနံ၊ ကုန်စဉ်။ ထေရသု၊ တို့သည်။ အသမ္ပတ္တေ သုပိ၊ ကုန်သည်ရှိသော်လည်း။ အရုဏံ၊ သည်။ သစေဥဂ္ဂစ္ဆတိ၊ အုံ့။ လိုက်။ ။သေဝနယော၊ ကိုပင်လျင်။ ဝေဒိတပ္ပေါ၊ ၏။ ဒဟရေသု၊ ကုန်သော။ ဘိက္ခု။သု၊ တို့သည်လည်းကောင်း။ ထေရေသု၊ တို့သည်လည်းကောင်း။ မဂ္ဂံ၊ ကို။ ဝိရဇ္ဈိတ္ထ၊ ချုတ်ယွင်းစေကုန်၍။ အညမညံ၊ချင်း။ ဝါ၊ တယောက်သည်တယောက်ကို။ အပဿန္တေသုပိ၊ ကုန်သော်လည်း။ သေဝနယော၊ ကိုပင်လျင်။ ဝေဒိတပ္ပေါ၊ ၏။

ပန၊ ငြိမ်းသည်ကို ဆိုပိမ့်။ ဒဟရာ၊ ကုန်သော။ ဘိက္ခု။၊ တို့သည်။ ဘန္တေ၊ တို့။ မယံ၊ တို့သည်။ မုဟုတ္တံ၊ တမုဟုတ်ချ။ သယံတွာ၊ ကုန်ပြီး၍။ အသုကသ္မိံ နာမ၊သော။ ဩကာသေ၊ ၌။ တုမှေ၊ တို့ကို။ သမ္မာပုဏိသာမ၊ မှီပါကုန်အံ့။ ဣတိ၊ သို့။ ဝတ္ဝာ၊ ကုန်ပြီး၍။ ယာဝအရုဏုဂ္ဂမနာ၊ အရုဏ်၏တက်ရာဖြစ်သော အခါတိုင်အောင်။ ။(ဥဂ္ဂစ္ဆတိတ္ထေဝတိ။ ။အရုဏာသဉ္ဉဂ္ဂမနံ)။ ။သစေသယန္တိ၊ ကုန်အံ့။ စိဝရဥ္စ၊ သည်လဲည်း။ နိဿဂ်ိယံ၊ သည်။ ဟောတိ၊ ၏။ နိဿယော၀စ၊ သည်လည်း။ ပဋိပ္ပဿမ္ဘာတိ၊ ၏။ ။ ဒဟရေ၊ ကုန်သော။ ဘိက္ခု။၊ တို့ကို။ ဥယျောဇေတွာ၊ လွှတ်လိုက်ကုန်ပြီး၍။ ထေရေသု၊ တို့သည်။ သယ္ယန္တေသုပိ၊ ကုန်သော်လည်း။ သေဝနယော၊ ကိုပင်လျင်။ ဝေဒိတပ္ပေါ၊ ၏။ ။ ဒွေဓာပထံ၊ နှစ်ခုကုန်သောအပြားတို့ ဖြင့်ကဲ့သောခရီးကို။ ။(ဒ္ဒိဟိပကာရေဟိဒွေဓာ။ ။ဒွေဓာဘိန္နောပထော)။ ။ ဒိသွာ၊ ကုန်၍။ ထေရာ၊ တို့သည်။ အယံ၊ သည်ကား။ မဂ္ဂေါ၊ တည်း။ ဒဟရာ၊ တို့သည်။ အယံ၊ သည်ကား။ မဂ္ဂေါ၊ တည်း။ ဣတိ၊ သို့။ ဝတ္ဝာ၊ ကုန်၍။ အညမညဿ၊ ၏။ ဝစနံ၊ ကို။ အဂ္ဂဟေတွာ၊ ကုန်မူ၍။ ဂတာ၊ ကုန်အံ့။ သဟအရုဏုဂ္ဂမနာ၊ ကွ။ စိဝရာနိစ၊ တို့သည်လည်း။ နိဿဂ်ိယာနိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ နိဿယော၀စ၊ သည်လည်း။ ပဋိပ္ပဿမ္ဘတိ၊၏။။ ဒဟရာစ၊ တို့သည်လည်း။ မဂ္ဂံတော၊ မှ။ သြက္ကမ္မ၊ ကုန်၍။ မယံ၊ တို့သည်။ အန္တော အရုဏေယေဝ၊ ၌သာလျင်။ နိဝတ္တိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ စိန္တေတွာ၊ ကုန်၍။ ဘေသဇ္ဇတ္ထာယ၊ ၄၊ ဂါမံ၊ သို့။ ပဝိသိတွာ၊ ကုန်၍။ သစေအာဂစ္ဆန္တိ၊ ကုန်အံ့။ တေသံဒဟရာနံ၊ တို့သည်။ အသမ္ပတ္တာနံယေဝ၊ ကုန်မီသာလျင်။ အရုဏာ၌၊ သည်လည်း။ သစေဥဂ္ဂစ္ဆတိ၊ အုံ့။ စိဝရာနိ၊ တို့သည်။ နိဿဂ်ိယာနိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ နိဿယော၀ပန၊ သည်ကား။ နပဋိပ္ပဿမ္ဘတိ၊ မငြိမ်း။ ။ပန၊ ငြိမ်းသည်ကိုဆိုပိမ့်။ ဓေနု

ဘယေနဝါနွားမကြောင့်ဖြစ်သောဘေးကြောင့်လည်းကောင်း ။(ဓနုတော ပဝတ္တံဘယံ)။ ။ဝါ၊ နွားမကိုကြောက်ခြင်းကြောင့် လည်းကောင်း။ ။(ဓနု ယာဘယံ)။ ။သုနခဘယေနဝါ၊ ခွေးကြောင့်ဖြစ်သော ဘေးကြောင့်လည်း ကောင်း။ ။(သုနခတောပဝတ္တံဘယံ)။ ။ဝါ၊ ခွေးကို ကြောက်ခြင်းကြောင့် လည်းကောင်း။ ။(သုနခဿဘယံ)။ ။မယံ၊ တို့သည် မဟုတ်ကုန်၏။မျှ။ ဌတ္ထာ၊ ကုန်၍။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။စိန္တေတ္ထာ၊ ကုန်၍။ ဌတ္ထာဝါ၊ ကုန်၍လည်းကောင်း။ နိသိဒိတ္ထာဝါ၊ ကုန်၍လည်းကောင်း။ သစေဘုဉ္ဇန္တိ၊ ကုန်အံ့။ အန္ဓကာ၊ ၌။ အရုဏော၊ သည် ဥဂ္ဂတေ၊ သော်။ စိဝရာနိစ၊ တို့သည်လည်း။ နိဿဂ္ဂိယာနိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ နိဿယော၀စ၊ သည်လည်း။ ပဋိပဿဿမ္ဘတိ၊ ၏။ ။ ။မယံ၊ တို့သည်။ အန္ဓော အရုဏောယေဝ၊ ၌ပင်လျှင်။ အာဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ စိန္တေတ္ထာ၊ ကုန်၍။ အန္ဓော သိမာယံ၊ အဝိပ္ပဝါသသိမ်၏အတွင်း၌။ ဂါမံ၊ သို့။ ပဝိဋ္ဌာနံ၊ ကုန်သော။ ဒဟရာနံ၊ တို့အား။ အန္ဓရာ၌။ အရုဏံ၊ သည်။ သစေဥဂ္ဂစ္ဆတိ၊ အံ့။ အဝိပ္ပဝါသသိမဘာဝတော၊ အဝိပ္ပဝါသ သိမ်၏အဖြစ်ကြောင့်။ ။ ထည့်။ ။စိဝရာနိ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ ကုန်သည်။ နေဝဟောန္တိ၊ ကုန်။ သဉ္ဇဿဟဘာဝတော၊ အားထုတ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ ။ ထည့်။ ။နိဿယော၊ သည်။ နပဋိပဿဿမ္ဘတိ၊ မငြိမ်း။ ။

ပန၊ ငြိမ်းသည်ကို ဆိုဝိမ့်။ တာဝဝိဘာယထု၊ လင်းစေဦး။ ဣတိ၊ သို့။ အာဂမေတ္ထာ၊ ငံ့ကုန်၍။ ။ထည့်။ ။သစေနိသိဒန္တိ၊ ကုန်အံ့။ အရုဏော၊ သည်။ ဥဂ္ဂတေပိ၊ သော်လည်း။ စိဝရာနိ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ ကုန်သည်။ နဟောန္တိ၊ ကုန်။ အနဲဿာဟတ္တာ၊ ကြောင့်။ နိဿယော၀ပန၊ သည်ကား။ ပဋိပဿဿမ္ဘတိ၊ ၏။ ။ယေပိဒဟရာ၊ တို့သည်လည်း။ မယံ၊ တို့သည်။ အန္ဓော အရုဏောယေဝ၊ ၌ပင်လျှင်။ အာဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ စိန္တေတ္ထာ၊ ကုန်၍။ သာမန္တဝိဟာရံ၊ အနီး၌ဖြစ်သောကျောင်း သို့။ ။(သာမန္တေပဝတ္တောဝိဟာရော)။ ။ဓမ္မသဝနတ္ထာယ၊ ၄၊။ ။ (ဓမ္မဿသဝနံ။ ။တမေဝအတ္ထော)။ ။သဉ္ဇဿဟာ၊ အားထုတ်ခြင်းရှိ ကုန်လျက်။ ။(သံဝိဇ္ဇတိဉ္ဇဿဟောယေသန္တိ)။ ။ဂစ္ဆန္တိ၊ ကုန်အံ့။ ဓမ္မံ၊ ကို။ သုတ္ထာ၊ ကုန်၍။ အာဂစ္ဆန္တာနံ၊ ကုန်သော။ ။ထည့်။ ။နေသံဒဟရာနံ၊ တို့အား။အန္ဓရာမဠ္ဂေယေဝ၊ ၌သာလျှင်။ အရုဏာ၌၊ သည်လည်း။ ဥဂ္ဂစ္ဆတိ၊ အံ့။ စိဝရာနိ၊ တို့သည်။ နိဿဂ္ဂိယာနိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ နိဿယောပန၊ သည်ကား။ နပဋိပဿဿမ္ဘတိ၊ မငြိမ်း။ ။ဓမ္မဝါဒိရဝေန၊ တရား၌

ရိသေခြင်းဖြင့်။ ။(ဓမ္မေ ဂါရဝေါ)။ ။ယာဝဝပရိယေဿနာ၊ အဆုံးတိုင်အောင်။ သုတ္တာဝ၊ ကုန်၍သာလျှင်။ ဂမိဿာမ၊ ကုန်အံ့။ ဣတိ၊ သို့။ စိန္တေတွာ၊ ကုန်၍။ သစေနိသီဒန္တိ၊ ကုန်အံ့။ အရုဏာဿ၊ ၏။ သဟဥဒ္ဓမနာ၊ ကွ။ စီဝရာနိပိ၊ တို့သည်လည်း။ နိဿဂ်ိယာ်နိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ နိဿယောပိ၊ သည်လည်း။ ပဋိပ္ပဿမ္ဘတိ၊ ၏။ ။ဒဟရံ၊ ကို။ စီဝရဓောဝနတ္ထာယ၊ ငှါ။ ဂါမကံ၊ သို့။ ပေသေန္တေန၊ သော။ ထေရေန၊ သည်။ အတ္တနောပိ၊ ၏လည်း။ စီဝရံ၊ ကို။ ပစ္စုဒ္ဓရိတ္ဝာဝ၊ ၍သာလျှင်။ ဒါတဗ္ဗံ၊ ၏။ ဒဟရဿာပိ၊ ၏လည်း။ စီဝရံ၊ ကို။ ပစ္စုဒ္ဓရာပေတွာ၊ ၍။ ထပေတဗ္ဗံ၊ ၏။ အသတိယာ၊ မအောက်မေ့မိခြင်းဖြင့်။ ။(နဿတိ)။ ။ သစေဂစ္ဆတိ၊ အံ့။ အတ္တနော၊ ၏။ စီဝရံ၊ ကို။ ပစ္စုဒ္ဓရိတ္ဝာ၊ ၍။ ဒဟရဿ၊ ၏။ စီဝရံ၊ ကို။ ဝိဿာသေန၊ ဖြင့်။ ဂဟေတ္ဝာ၊ ၍။ ထပေတဗ္ဗံ၊ ၏။ ။ ထေရော၊ သည်း သစေ နဿရတိ၊ အကယ်၍မအောက်မေ့မိအံ့။ ဒဟာရော ဝေ၊ သည်သာလျှင်။ သစေသရတိ၊ အံ့။ ဒဟာရေန၊ သည်။ အတ္တနော၊ ၏။ စီဂရံ၊ ကို။ ပစ္စုဒ္ဓရိတ္ဝာ၊ ၍။ ထေရဿ၊ ၏။ စီဝရံ၊ ကို။ ဝိဿာသေန၊ ဖြင့်။ ဂဟေတ္ဝာ၊ ၍။ ဂန္ဒာ၊ ၍။ ဝတ္တဗ္ဗော၊ ၏။ ။ကိံ၊ သို့။ ဝတ္တဗ္ဗော၊ သနည်း။ ။ဘဒန္တေ၊ ရား။ တုမှာကံ၊ တို့၏။ စီဝရံ၊ ကို။ အဓိဋ္ဌဟိတ္ဝာ၊ ကုန်၍။ ပရိဘုဉ္ဇထ၊ ပါကုန်လော။ ဣတိ၊ သို့။ ဝတ္တဗ္ဗော၊ သတည်း။ ။ပြန်။ ။အတ္တနောပိ၊ ၏လည်း။ စီဝရံ၊ ကို။ အဓိဋ္ဌာတဗ္ဗံ၊ ၏။ ဧဝံ သို့။ သတိယာပိ၊ ဖြင့်လည်း။ အာပတ္တိမောက္ခော၊ သည်။ ဟောတိ၊ ၏။ ဣတိအယံ၊ သည်ကား။ သောဓနာ၊ တည်း။ ။ထည့်-ပြန်။ ။သေသံ၊သော။ ဝစနံ၊ သည်။ ဥတ္တာနတ္ထမေဝ၊ တည်း၊သမုဋ္ဌာနာဒိသု၊ တို့၌။ ပဋမကထိနသိက္ခာပဒေ၊ ၌။ အနဓိဋ္ဌာနဥ္စ၊ သည်လည်းကောင်း။ အဝိကပ္ပနာစ၊ သည်လည်းကောင်း။အကြိယာ၊၏။ ဣဓဣဓမသို့ဥဒေါသိတသိက္ခာပဒေါ၌။အပစ္စုဒ္ဓါရဏာ၊ သည်။ အကြိယံ၊ ၏။ အယမေဝ၊ သည်သာလျှင်။ ဝိသေသော၊ တည်း။ သပ္ပတ္ထ- သပ္ပေသု၊ ကုန်သော။ ဌာနေသု၊ တို့၌။ သေသံ၊ သော။ ဝစနံ၊ သည်။ ဝုတ္တနယမေဝ၊ တည်း။ ဣဒံ ဣဒံပရိသမာပနံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ။

ဥဒေါသိတသိက္ခာပဒဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။ ။

နိဿဂ္ဂိယစိဝရဝဂ္ဂ တတိယ ကထိနသိက္ခာပဒ ။ ။

တေနသမယေနာတိအာဒိနာ၊ သေ ။ နိဒါနေန၊ ဖြင့် ။ ပဋိမက္ကာ ဝံ၊ သေ ။ သိက္ခာပဒံ၊ သည် ။ တတိယကထိနသိက္ခာပဒံ၊ တည်း ။ ။ တတ္ထတသ္မိံ တတိယကထိနသိက္ခာပဒေ၊ ၌ ။ ဥဿာပေတွာ ပုနပ္ပုနံ ဝိမဇ္ဈတိတိ၊ ကား ။ ငလီသုံ၊ အကွန်တိုသည် ။ နဋ္ဌာသု၊ ကွန်သည်ရှိသော် ။ ဣဒံစိဝရံ၊ သည် ။ မဟန္တံ၊ သည် ။ ဘဝိဿတိ၊ လတ္တံ့ ။ ဣတိ၊ သို့ ။ မညမာနာ၊သည် ။ ဟုတွာ၊ ၍ ။ ဥဒကေန၊ ဖြင့် ။ သိဉ္စိတွာ၊ ဆွတ်၍ ။ ပါဒေဟိ၊ တို့ဖြင့် ။ အက္ကမိတွာ၊ ၍ ။ ဥဒ္ဓေဟိ၊ တို့ဖြင့် ။ ဥဿာပေတွာ-ဥက္ခိပိတွာ၊ ချိ၍ ။ ဝါ၊ မြောက်၍ ။ ပိဋ္ဌိယံ၊ အပြင်၌ ။ ဃ သတိ၊ ပွတ်တိုက်၏ ။ တံစိဝရံ၊ သည် ။ အာတပေ၊ နေ ပူ၌ ။ သုက္ခံ၊ ခြောက်သည်ရှိသော် ။ ပဋ္ဌမပုပ္ဖမာဏမေဝ၊ ရှေးဦးစွာဖြစ်သော အတိုင်း အရှည်ရှိသည် ။ ။ (ပဋ္ဌမံပမာဏံတာဃာတိ) ။ ။ဟောတိ၊ ၏ ။ သောဘိက္ခု၊ သည် ။ ပုနပိ၊ လည်း ။ တထာ၊ ထိုသို့သော အခြင်းအရာ အားဖြင့် ။ ကရောတိ၊ ပြုပြန်၏ ။ တေနဃ သနေန၊ ကြောင့် ။ ဥဿာပေတွာ ပုနပ္ပုနံ ဝိမဇ္ဈတိဘိ၊ ဟူ၍ ။ ဝုတ္တံ၊ ပြီ ။ ဇေဝံ၊ သို့ ။ ကိလမန္တံ' သေ ။ တံဘိက္ခု၊ ကို ။ ဘဂဝါ၊ သည် ။ ဂန္ဓကုဋ္ဌိယံ၊ ၌ ။ နိသိန္နော ဝ၊ လျက်သာလျှင် ။ ဒိသွာ၊ ၍ နိက္ခမိတွာ၊ ၍ ။ သေနာသနစာရိကံ၊ ကို ။ ။ (သေနာသနေသုစာရိကံ) ။ ။ အာဟိက္ခန္တော ဝိယ၊ ကဲ့သို့ ။ တတ္ထတသ္မိံ ပဒေသေ၊ ထိုရပ်ဒေသ၌ ရှိကုန်ဖြစ်သော အရပ်သို့ ။ အဂမာသိ၊ ကြွတော်မူပြီ ။ တေနဂမနေန၊ ကြောင့် ။ အဒ္ဒသ ခေါ ဘဂဝါ တိအာဒိ၊ သော ။ ဝစနံ၊ ကို ။ ဝုတ္တံ၊ ပြီ ။ ။ကောဒသမာသေ ဘိက္ခဝေ၊ ကား ။ ကေ၊ သော ။ ပစ္ဆိမကတ္တိကမာသံ၊ အဆုံး၌ဖြစ်သော တန်ဆောင်မုန်းလကို ။ ထပေတွာ၊ ၍ ။ သေသေ၊ မိုဃ်းလ၏ အဆုံး၌ဖြစ်သော တန်ဆောင်မုန်းလမှကြွင်းသော ။ ကောဒသမာသေ၊ ၌ ။ ။တနည်း ။ ။ သေသေ၊ ကုန်သော ။ ကောဒသမာသေ၊ တို့ပတ်လုံး ။ ။သတ္တမာသေတိ၊ ကား ။ ကတ္တိကမာသဋ္ဌ၊ ကိုလည်းကောင်း ။ ဟေမန္တိကေ၊ ဆောင်းဥတု၌ ယှဉ်ကုန်သော ။ ။ (ဟေမန္တေ နိယုတ္တာ) ။ ။စတ္တာရော၊ ကုန်သော ။ မာသေ၊ တို့ကိုလည်းကောင်း ။ ဣတိ၊ သို့ ။ ပဋ္ဌ၊ကုန်သော ။ မာသေ၊တို့ကို ။ ထပေတွာ၊ ကုန်၍ ။ သေသေ၊ ငါးခုကုန်သော လတို့မှ ကြွင်းကုန်သော ။ သတ္တ၊ ကုန်သော ။မာသေ၊ တို့ပတ်လုံး ။ ။ကာလေပိအာဒိဿဒိန္နန္တိ၊ ကား ။ ကာလေပိ၊ သင်္ကန်း၏အခါ၌လည်း ။ ။ထည့် ။ ။သံဃဿဝါ၊ အား၊လည်း ။ ဣဒံစိဝရံ၊ သည် ။ အကာလစိဝရံ၊သင်္ကန်း၏အခါမဟုတ်သည်၌ လွှအပ်သော သင်္ကန်းတည်း ။ ။ (န ကာလော ။ ။တသ္မိံဒိန္နံစိဝရံ) ။ ။ဣတိ၊သို့ ။ ဥဒ္ဓိ

သိတွဝ၊ ၍။ ဒိန္နံ၊ ပြီ။ ပုဂ္ဂလဿဝါ၊ အားလည်း။ ဣဒံ စိဝရံ၊ ကို။ တုယ္ဟံ၊ အား။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝတွဝ၊ ၍။ ဒိန္နံ၊ ပြီ။ ။

သံဃတောပါတိ၊ ကား။ အတ္တနော၊ အား။ ပတ္တဘာဂဝဿန၊ ရောက်သောအဘို့၏အစွမ်းဖြင့်။။(ပတ္တောဘာဂေါ။။တဿဝသော။။)သံဃတောဝါ၊ မှသော်လည်း။ ဥပပဇ္ဇေယျ၊ ငြားအံ့။ ။ဂဏတောဝါတိ၊ ကား။ ဣဒံ စိဝရံ၊ ကို။ သုတ္တန္တိကဂဏဿ၊ သုတ္တန်ကိုဆောင်သောဂိုဏ်းအား။ ။(သုတ္တန္တံ ဓာရေတီတိ။ ။သုတ္တန္တိကောစသောဂဏောစာတိ)။ ။ဒေမ၊ကုန်၏။ဣဒံ စိဝရံ၊ ကို။ အာဘိဓမ္မိကဿ၊အဘိဓမ္မာကိုဆောင်သောဂိုဏ်းအား။ ။(အာဘိဓမ္မံ ဓာရေတီတိ။ ။အာဘိဓမ္မိကောစ သော ဂဏောစာတိ)။ ။ဒေမ၊ ကုန်၏။ ဣဒံတိဝံ၊ သို့။ ဂဏဿ၊ အား။ ဒေန္တိ၊ ကုန်၏။ တတောဂဏတော၊ မှ။ အတ္တနော၊ အား။ ပတ္တဘာဂဝဿန၊ဖြင့်။ဂဏတောဝါ၊ကိုဏ်းမှသော်လည်း။ ဥပပဇ္ဇေယျ၊ ငြားအံ့။ ။နောစဿပါရိပူရိတိ၊ ကား။ ပါရိပူရီ၊ ပြည့်စုံသည်။ နောစေဘဝေယျ၊ ငြားအံ့။ ယတ္တကေန၊ အကြင်မျှလောက်သော အတိုင်း အရှည်ဖြင့်။ ကရိယမာနံ၊သော်။ အဓိဋ္ဌာနစိဝရံ၊ အဓိဋ္ဌာန်းတင်အပ်သော သင်္ကန်းသည်။ ပဟောတိ၊ လောက်၏။ တံစိဝရံ၊ သည်။ တတ္တကံ၊ ထိုမျှ လောက်သောအတိုင်းအရှည်ရှိသည်။စေ နဘဝေယျ၊ငြားအံ့။ ဥိနကံ၊သည်။ စေဘဝေယျငြားအံ့။ ဣတိအယံ၊ သည်ကား။အတ္ထော၊ တည်း။ ။ပစ္ဆာသာ ဟောတိသံဃတောဝါတိ အာဒိသူ၊ ကုန်သော။ ဝစနေသု၊ တို့၌။ အသုက ဒိဝသံနာမ၊ဣအမည်ရှိသောနေ့၌။သံဃော၊သည်။စိဝရာနိ၊တို့ကို လာဘိသတိ၊ လတ္တံ့။ဂဏော၊သည် စိဝရာနိ၊တို့ကို။လာဘိသတိ၊လတ္တံ့။တတောသံဃတော၊မှ။ တတောဂဏတော၊မှ။မေ၊အား။စိဝရံ၊သည်။ဥပပဇ္ဇိဿတိ၊လတ္တံ့။ဣတိဧဝံ၊သို့။ သံဃတောဝါ၊မှလည်းကောင်း။ဂဏတောဝါ၊မှလည်းကောင်း။ ပစ္ဆာသာ၊ ရနိုးခြင်းသည်။ဝါ၊ရလိမ့်မည်ထင်ခြင်းသည်။ဟောတိ၊အံ့။ဥာတကေဟိ၊ တို့ သည်။မေ၊အား။ စိဝရတ္ထာယ၊ဌာ။ ပေသိတံ၊စေအပ်ဘူး၏။ ဝါ၊ ပို့အပ် နေကြ။ မိတ္တေဟိ၊ တို့သည်။ မေ၊အား။စိဝရတ္ထာယ၊ဌာ။ပေသိတံ၊ပြီ။ဝါ၊ကြ။ တေဥာတကာ၊ တို့သည်။ တေမိတ္တာ၊ တို့သည်။ စိဝရေ၊ သည်။ အာဂတေ၊ ရောက်သည်ရှိသော်။ ဒဿန္တိ၊ လှူကြကုန်လတ္တံ့။ ဣတိဧဝံ၊ သို့။ ဥာတိတောဝါ၊ မှလည်းကောင်း။ မိတ္တတောဝါ၊ မှလည်းကောင်း။ ပစ္ဆာသာ၊ သည်။ ဟောတိ၊ ၏။ ပန၊ အထူးကိုဆိုပိမ့်။ ပံသုကူလံဝါတိ ဧတ္ထ ပဒေပန၊ ဒ္ဒကား။ ပံသုကူလံဝါ၊ ကိုသော်လည်း။ လစ္ဆာမိ၊ လအံ့။ ဣတိ ဧဝံ၊ သို့။ ပစ္ဆာသာ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ယောဧတမ္ပိ၊ ၏။ အတ္တနောဝါဓနေနာတိ၊ ကား။ အတ္တနော၊ ၏။ ကပ္ပါသသုတ္တာဒိနာ၊ဝါချည်

အစရှိသော။ ။(ကပ္ပါဒသန ပကတံ သုဘ္တံ။ ။ဘံ အာဒိ ဧတဿ ဘံ)။ ။ဓနေန၊ ဖြင့်။ အသုကဒိဝသံနာမ၊ ၌။ လစ္ဆာမိ၊လအံ့။ ဣတိဧဝံဝါ၊သို့သော်သည်း။ ပဒ္ဓဲသာ၊ သည်။ ဟောကိ၊ ၏ ဣတိအယံ၊သည်ကား။ အတ္ထော၊ တည်း။ ။

တကော။ ပ။ ပစ္ဆာသာယဟေတိ၊ ကား။ မာသပရမတော၊ တလ အတိုင်းအရှည်ရှိသော၊ ။(မာသော ပရမံ ဧတဿာတိ)။ ။ကာလတော၊ ထက်။ ဥတ္တရိ၊ အလွန်။ ပစ္ဆာသာယ၊ သည်။ သတိယာပိ၊ သော်လည်း။ ။ ထည့်။ ။စေနိက္ခေယျ၊ ငြားအံ့။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊ ၏။ ပါစိတ္တိယံ၊ သည်။ ဟောတဲ့ ၏။ ဣတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။ ။တတော စေဠတ္တရိကို မာသပရမတော စေဠတ္တရိဟူ၍ မဟောအပ်မူ၍ အဘယအကြောင်းကြောင့် အဘယအကျိုးငှါ တဒဟုပ္ပန္နေမူလစိဝရေ အစ္ပိသောနည်းဖြင့် ပဒဘာဇနီကို ဟောတော်မူအပ်သနည်း စုဒ်ကြောင့် ဧဝံနု-အစမိန်။ ။ပန၊ ထိုသို့ဝင်ဖြစ်ပါသော်လည်း။ ဧဝံ၊ ထိုသို့ တတော မာသပရမတော ဥတ္တရိဟူ၍။ ပဒဘာဇနံ၊ကို။ အဝတ္ထော၊ ၍။ ။ဝုတ္တံ၌စပ်။ ။ ယသ္မာ၊ ကြောင့်။ ပဋ္ဌာသာစိဝရော၊ ခံနိုးသောသင်္ကန်းသည်။ အနာဂတ၊ တလ၏အကြာ၌။ ဥပ္ပဇ္ဇမာနေ၊ သော်။ မူလစိဝရဿ၊ အရင်းဖြစ်သော သင်္ကန်းဓါ၊ဥန္ဒေဝသတော၊ဖြစ်ရာဖြစ်သောနေ့မှ။ ။(ဥပ္ပဇ္ဇတိတ္ထောတိ။ ။ ဥန္ဒေဝသသော်ဝသောစာတိ)။ ။ယာဝ၊ လောက် ဝိသဂ်္ဂိမော၊နှစ်ဆယ်၏ ပြည့်ကြောင်းဖြစ်သော။ ။(ဝိသတိယာ ပူရဏော)။ ။ဒိဝသော၊ သည်။ အတ္ထိ၊ ၏။ ဘာဝ၊ လောက်။ ဥပ္ပန္နံ၊ သော။ ပစ္ဆာသာစိဝရံ၊ သည်။ မူလစိဝရံ၊ ကို။ အတ္ထနော၊ ၏၊ ဂတိကံ၊ အလားရှိသည်ကို။ ။(ဂဘိ အာဿ အတ္ထိတိ)။ ။ ကရောတိ၊ ၏။ တဧတောဝိသတိမ ဒိဝသတော, မှ။ ဥဒ္ဓံ၊ ၌။ မူလစိဝရံ၊ သည် ပစ္ဆာသာစိဝရံ၊ ကို။ အတ္တနော၊ ၏။ ဂတိကံ၊ ကို။ ကရောတိ၊ ၏။ တဿ၊ ကြောင့်။ တံဝိသေသံ၊ ကို။ ဒဿေတုံ၊ ငှါ။ တဒဟုပ္ပန္နေ မူလစိဝရေတိအာဒိနော၊ သော။ နယေန၊ ဖြင့်။ ပဒဘာဇနံ၊ ကို။ ဝုတ္တံ၊ ပြီ။ တံပဒဘာဇနံ၊ သည်။ ဥတ္တာနတ္ထမေဝ၊ တည်း။ ။ဝိသဘာဂေ ဥပ္ပန္နမူလစိဝရေတိ၊ ကား။ မူလစိဝရံ၊ သည်။ သဏ္ဌံ၊ နှံးညံ့သည်။ ဝါ၊ ချောသည်။ ယဒိဟောတိ၊ အံ့။ ပစ္ဆာသာစိဝရံ၊ သည်။ ထူလံ၊ ရုံ့ရင်းသည်။ ဝါ၊ ကြမ်းသည်။ ယဒိဟောတိ၊ ၏။ ယောဧတုံ၊ စပ်ခြင်းငှါ။ နသက္ကာ၊ သည်။ ယဒိဟောတိ၊ အံ့။ ရတ္တိယောစ၊ တို့သည်လည်း။ ဧသဿ၊ ကုန်သည်။ ယဒိဟောန္တိ၊ ကုန်အံ့။ မာဧသာ၊ သည်။ နတာဝ ပူရတိ၊ မပြည့်ဧသေးအံ့။ အကာမာ၊ ဘဲ။ နိဂ္ဂဟေန၊ နှိပ်ခြင်းဖြင့်၊ စိဝရံ၊ ကို။ နကာရေတဗ္ဗံ၊ အပ်။ အညံ၊ ကြမ်းသောပစ္ဆာသာ သင်္ကန်းမှတပါး

၎သော။ ပစ္ဆာသာစိဝံ၊ ကို။ လဘိတ္ဝာယေဝ၊ ၍သာလျှင်။ ဝါ၊ သော် သာလျှင်။ ဝါ၊ မှသာ လျှင်။ ကာလဉ္ဇနရေ၊ အခါ၏အတွင်း၌။ ။(ကာလဿ အဉ္ဇနံ)။ ။ကာရေတပ္ပံ၊ ၏။ ပစ္ဆာသာစိဝရမိ့၊ ကိုလည်း။ ပရိက္ခာရစောဋံ၊ ဟူ၍။ အဓိဋ္ဌာတပ္ပံ၊ ၏။ မူလစိဝံ၊ သည်။ ထူလံ၊ သည်။ အထဟောတိ၊ အံ့။ ပစ္ဆာသာစိဝံ၊ သည်။ သဏ့ံ၊ သည်။ အထဟောတိ၊ အံ့။ မူလစိဝံ၊ ကို။ ပရိက္ခာရစောဋံ၊ ဟူ၍။ အဓိဋ္ဌဟိတ္ဝာ၊ ၍။ပစ္ဆာသာစိဝရမေဝ၊ ကိုသာလျှင်။ မူလစိဝံ၊ ကို။ ကတ္ဝာ၊ ၍။ ထပေတပ္ပံ၊ ၏။ တံပစ္ဆာသာစိဝံ၊ သည်။ ပုန၊ ဘန်။ မာသံ၊ လုံး။ ပရိဟာ၊ ကို။ လဘတိ၊ ၏။ ။တေနုပါယေန၊ ဖြင့်။ ယာဝ၊ လောက်။ အညမညံ၊ ချင်း။ ဝါ၊ တထည်သည်တထည်ကို။ မူလစိဝံ၊ ကို။ ကတ္ဝာ၊ ၍။ ထပေဘုံ၊ ၄၊ ဣစ္ဆတိ၊ ၏။ တာဝ၊ လောက်။ အညမညံ၊ ချင်း။ ဝါ၊ ကို။ မူလစိဝံ၊ ကို။ ကတ္ဝာ၊ ၍။ ထပေတုံ၊ ၄၊ ဒန္ဒတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတပ္ပံ၊ ၏။ သေသံ၊ သော။ ဝစနံ၊ သည်။ ဥတ္တာနမေဝ၊ တည်း။ သမုဋ္ဌာနာဒိနိ၊ တို့သည်။ ပဌမ ကထိနသဒိသာနေဝ၊ ကုန်သည်သာလျှင်တည်း။ ဣတိဣဒံပရိသမာပနံ၊ ကို။ ဒဋ္ဌပ္ပံ၊ ၏။

တတိယကထိနသိက္ခာပဒဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။ ။

နိဿဂ်ိယစိဝရဝဂ် -- ပုရာဏစိဝရသိက္ခာပဒ။

တေနသမယေနာတိအာဒိနာ၊ သော။ နိဒါနေန၊ ဖြင့်။ ပဋိမဏ္ဍိတံ၊သော။ သိက္ခာပဒံ၊ သည်။ ပုရာဏစိဝရသိက္ခာပဒံ၊ တည်း။ ။တတ္ထတာသ္မိံ ပုရာဏ စိဝရသိက္ခာပဒေ၊ ၌။ ယာဝ သတ္တမာပိကာမဟယုဂါတိ၊ ကား။ ပိဘု၊ ၏။ ပိတာ၊ သည်။ ပိတာမဟော၊အဘိုမည်၏။ ပိတာမဟာသ၊ ၏။ ယုဂံ၊ အသက်၏အတိုင်းအရှည်တည်း။ ပိတာမဟာယုဂံ၊ ရှည်။ အာယုပ္ပမာဏံ၊ အသက်၏အတိုင်းအရှည်ကို။ ။(အာယုနောပမာဏံ)။ ။ယုဂန္ဓ်၊ ဟူ၍။ ဝုစ္စတိ၊ ၏။ စ၊ ဆက်၍ဆိုပိမ့်။ တေံယုဂန္ဓိဝစနံ၊ သည်။ အဘိလာပ မတ္တမေဝ၊ လောက်၌ဆိုအပ်သော သဒ္ဒါမျှသည်သာလျှင်တည်း။ ။(အဘိ လာပေါဝေ မတ္တံ)။ ။အတ္ထကောပန၊ သဘောအား ဖြင့်ကား။ ပိတာ မဟောယေဝ၊ သည်သာလျှင်။ ပိတာမဟာယုဂံ၊ မည်၏။ တတောပိတာ မဟာတော၊ မှ။ ဥဒ္ဓံ၊ ၌။ သဗ္ဗေပိ၊ ကုန်သော။ ပုဗ္ဗပုရိသာ၊ ရှေ့၌ဖြစ်ကုန်သော

ယောကျ်ားတို့ကို။ ပိတာမဟဂ္ဂဟဏေနေဝ၊ သဒ္ဒါဖြင့်သာလျှင်။ ။(ပိတာ မဟောဠ္လတိဂဟဏံ)။ ။ဂဟိတာ၊ ကုန်ပြီ။ ဧဝံ၊ သို့။ ယာဝ၊ လောက်။ သတ္တမော၊ သော။ ပုရိသော၊ သည်။ အတ္ထိ၊ ၏။ တာဝ၊ လောက်။ ယာဘက္ခုနိ၊ သည်။ အသမ္ဘဒ္ဓါ၊ မစပ်။ သာဘိက္ခုနိ၊ ကို။ ယာဝသံတ္တမာ ပိတာမဟယုဂါ အသမ္ဘဒ္ဓါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ စ၊ ဆက်၍ဆိုပိမ့်။ ဧတံယာဝသတ္တမာ ပိတာမဟယုဂါအသမ္ဘဒ္ဓါတိဝစနံ၊ သည်။ ဧဝသနာမုခမေဝ၊ ဧဝသနာ တော်၏အဦးသည်သာလျှင်တည်း။ ။(ဧဝသနာယမုခံ)။ ။ပန၊ စင်စစ် သော်ကား။ မာတိတောဝါပိတိတောဝါတိဝစနတော၊ ဟူ၍ဟောတော်မူခြင်းကြောင့်။ ပိတာမဟယုဂမို့၊ အဘမ္ဘဖြစ်သော အဘိုးအဆက်ဆက်ကို လည်းကောင်း။ ပိတာမဟိယုဂမို့၊ အဘမ္ဘဖြစ်သော အဘွားအဆက် ဆက်ကိုလည်းကောင်း ။မာတာမဟယုဂမို့၊အမိမ္ဘဖြစ်သော အဘိုးအဆက်ဆက် ကိုလည်းကောင်း။ မာဘာမဟိယုဂမို့၊ အမိမ္ဘဖြစ်သောအဘွားအဆက်ဆက် ကိုလည်းကောင်း။ တေသံ၊ ထိုအဆက်ဆက်ကုန်သောအဘိုးအဘွားတို့၏။ ဘာတိ ဘဂိနိ ဘာဂိနေယျ ပုတ္တ ပပုတ္တာဒယော၊ မောင် အစ်မ-ညီမ-တူ-သား-မြေး အစရှိကုန်သော။ ။(ဘာတိစ ဘဂိနိယောစ ဘာဂိနေယျာစ ပုတ္တာစ ပပုတ္တာစ။ ။တေအာဒိယောဇေတေသန္တိ)။ ။သဗ္ဗေပိ၊ အလုံးစုံကုန်သော သူတို့ကိုလည်းကောင်း။ ဣဓလောကသ္မိံပိတာမဟယုဂန္တိပဒေ၊ ၌။ သင်္ဂဟိတာ ဧဝ၊ ကုန်သည်သာလျှင်တည်း။ ဧတ်၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ။

တတြပသ္မိံ ယာဝသတ္တမာ ပိတာမဟယုဂါတိပဒေ၊ ၌။ အယံ၊ သည်ကား။ ပိတ္ထာရနယော၊ တည်း။ ပိတာ၊ လည်းကောင်း၊ ပိတု၊ ၏။ ပိတာ၊ လည်းကောင်း။ ။(အဘိုးကိုယူ)။ "တဿ၊ ထိုအဘိုး၏။ ပိတာ၊ လည်းကောင်း။ ။(အဘေးကိုယူ)။ ။တဿာပိ၊ ထိုအဘေး၏လည်း။ ပိတာ၊ လည်းကောင်း။ ။(အဘွေးကိုယူ)။ ။ဣတိ၊ ဧဝံ၊ သို့။ သတ္တမံ၊ ခုနစ်ဆက်တို့၏ပြည့်ကြောင်းဖြစ်သော။ ။(သတ္တန္နံပူရဏံသတ္တမံ။ ။တဿာ)။။ ယာဝယုဂါ၊ အဆက်တိုင်အောင်လည်းကောင်း၊ ။[ယုဂသဒ္ဒါနပုံလိင်။။ ယာဝထုတ်ယှဉ်။ထိုပုဒ်တွင်။ရုပ်လျှင်ပဋိမိ။။နိယာမ်] ။ ။ပိတာ၊လည်းကောင်း။ ပိဘု၊ ၏။ မာတာ၊ လည်းကောင်း။ ။(အဘွားကိုယူ)။ ။တဿာ၊ ထိုအဘွား၏။ မိတာ စ၊ လည်းကောင်း။ ။(အဘေးကိုယူ)။ ။မာတာစ၊ လည်းကောင်း။ ။(အဘေးမကိုယူ)။ ။ဘာတာစ၊ ဒ၁စ်ကို ညီလည်းကောင်း။ ဝါ၊ မောင်ကြီး မောင်ငယ်လည်းကောင်း။ ဘဂိနိစ၊ အစ်မ နှမလည်းကောင်း။ ဝါ၊ အစ်မ-ညီမလည်းကောင်း။ ပုတ္တာစ၊ တို့လည်းကောင်း။ ဓီတရောစ၊

တို့လည်းကောင်း။ ဣတိဧဝမ်ပိ၊ သို့လည်း။ ဥဒ္ဒဿ၊ ဒ္ဒ်လည်းကောင်း။ အဓေ၀စ၊ ဒ္ဒ်လည်းကောင်း။ သတ္တမာ၊ သော။ ယာ၀ယုဂါ၊ တိုင်အောင်လည်းကောင်း။ ပိတာ၊ လည်းကောင်း။ ပိဘု၊ ၏။ ဘာတာ၊ အစ်ကို ညီလည်းကောင်း။ ပိတု၊ ၏။ ပုတ္တာ၊ တို့လည်းကောင်း။ ပ်တု ၏။ ဓိတရော၊ တို့လည်းကောင်း။ တေသံ၊ ထိုသားသမီးတို့၏။ ပုတ္တဓိတုဒရမ္မရာ၊ သားသမီးတို့၏ အဆက် ဆက်တို့လည်းကောင်း။ ဣတိဧဝမ်ပိ၊ သို့လည်း။ သတ္တမာ၊ သော။ ယာ၀ယုဂါ။ တိုင်အောင် လည်းကောင်း။ မာတာ၊ လည်းကောင်း။ မာတု၊ ၏။ မာတာ၊ လည်းကောင်း။ ။(အဘွားမကိုယူ။။) တဿာ၊ ထိုအဘွားမ၏။ မာတာ၊ လည်းကောင်း။ ။(အဘေးမင်္ဂုယူ)။။ တဿာပိ၊ ထိုအဘေးမ၏လည်း။ မာဘာ၊ လည်းကောင်း။ ။(အဘွေးမကိုယူ)။ ။ဣတိဧ၀ံ၊ သို့။ သတ္တမာ၊ သော။ ယာ၀ယုဂါ၊ တိုင်အောင် လည်းကောင်း။ မာတာ၊ လည်းကောင်း။ မာတု၊ ၏။ ပိတာ၊ လည်းကောင်း။။ (အဘိုးကိုယူ)။ ။တဿ၊ ထိုအဘိုး၏။ မာတာစ၊ လည်းကောင်း။ ။(အဘေးမကိုယူ)။ ။ပိဘာစ၊ လည်းကောင်း။ ။(အဘေးကိုယူ)။ ။ဘာတာစ၊မောင်ကြီး မောင်ငယ်လည်းကောင်း။ ဝါ၊ အစ်ကို ညီလည်းကောင်း။ ဘဂိနိစ၊ အစ်မ-- ညီမလည်းကောင်း။ ဝါ၊ အစ်မ-- နှမလည်းကောင်း။ ပုတ္တာစ၊ တို့လည်းကောင်း။ ဓိတာရောစ၊တို့လည်းကောင်း။ဣတိဧ၀မ်ပိ၊သို့လည်း။ ဥဒ္ဒဿ၊ ဒ္ဒ်လည်းကောင်း။ အဓေ၀စ၊ ဒ္ဒ်လည်းကောင်း။ သတ္တမာ၊ သော။ ယာ၀ယုဂါ၊ တိုင်အောင်လည်းကောင်း။ မာတာစ၊ လည်းကောင်း။ မာတု၊ ၏။ ဘာတာစ၊ မောင်ကြီး မောင်ငယ်လည်းကောင်း။ ။(ဦးရီးကိုယူ)။ ။ မာဘု၊ ၏။ ဘဂိနိ၊ အစ်မ--ညီမလည်းကောင်း။ ။(မိကြီး မိတွေးကိုယူ)။ ။ မာဘု၊ ၏။ ပုတ္တာ၊ တို့လည်းကောင်း။ ။(သားချင်းကိုယူ)။ ။မာတု၊ ၏။ ဓိတရော၊ တို့လည်းကောင်း။ ။(အစ်မနှမကိုယူ)။။တေသမ်ပိ၊ ထိုသားသမီးတို့၏လည်း။ ပုတ္တဓိတုပရမ္မရာ၊ တို့လည်းကောင်း။ ဣတိဧ၀မ်ပိ၊ သို့လည်း။ သတ္တမာ၊ သော။ ယာ၀ယုဂါ၊ တိုင်အောင်လည်းကောင်း။ မာတိသမ္ဗန္ဓေန၊ အမိမှစပ်ခြင်းဖြင့်။ ။(မာတိတော သမ္ဗန္ဓေါ)။ ၊နေ၀သမ္ဗန္ဓာ၊ မစပ်သည် သာလျှင်တည်း။ ပိတိသမ္ဗန္ဓေန၊ ဖြင့်။ နေ၀သမ္ဗန္ဓာ၊ တည်း။ အယံဘိက္ခုနိ၊ သည်။ အညာတိကာနာမ၊ ငါတို့၏သာလျှင် ဆွေမျိုးဟူ၍ သိအပ်သည် မဟုတ်သည်မည်၏။ ။(အမှာကမေ၀ သောဉာတိတိဉာယတိတိဉာတိ။ ။ သာ၀ေဉာတိကာ။ ။နဉာတိကာအညာတိကာ)။ ။ဉာဘတောသံယေတိ၊ ကား။ဘိက္ခုနိသံယေ၊ ရဟန်းမိန်းမတို့၏ အပေါင်း၌။ ဉတ္တိစတုတ္ထေန၊ဉတ်လျှင် လေးကြိမ်တို့၏ ပြည့်ကြောင်းရှိသော။ ။(စတုန္နံပူရဏံစတုတ္ထံ။ ။ဉတ္တိ၀ေ

စတုတ္ထံတေသာတိ)။ ။ဝိနယကမ္မေန၊ ဖြင့်လည်းကောင်း။ ဘိက္ခုသံယေ၊ ဒ်ဒ္ဒ။ ဥတ္တိစတုတ္ထေန၊ သော။ ဝိနယကမ္မေန၊ ဖြင့်လည်းကောင်း။ ဇာတိ၊ သို့။ ဥဘတောသံယေ၊ ဒ်ဒ္ဒ။ ။ဆည့်. ။အဋ္ဌဝါစိကဝိနယကမ္မေန၊ ရှစ်ကြိမ်ဘာသိခြင်းရှိသော ဝိနည်းကံဖြင့်။ ။(အဋ္ဌဝါစာအဋ္ဌဝါစံ။ ။တံအာဿအတ္ထိတိ ဘဋ္ဌဝါစိကံ။ ။ဝိနယောဧဝ ကမ္မံ။ ။အဋ္ဌဝါစိကဥ္စ တံဝိနယကမ္မဥ္စာကိ)။ ။ဥပသမ္ပန္နော၊ မြင့်မြတ်သော ရဟန်းမိန်မ၏ အဖြစ်သို့ရောက်ပြီ။ ။သကိံနိဝတ္ထမို့ သကိံပါရုတမို့တိ၊ ကား။ ရဒ်တွာ၊ ပြီး၍။ ကပ်ပံ၊ ဗီန္ဒုကို။ ကတွာ၊ ထိုးသည်ကိုပြု၍။ ကေဝါရမို့၊ တကြိမ်လည်း။ နိဝတ္ထံ၊ ဝတ်အပ်ဘူးသော စီဝရံဝါ၊ သည်လည်းကောင်း။ ပါရုတံ၊ ရုံအပ်ဘူးသော။ စီဝရံဝါ၊ သည်လည်းကောင်း။ ပုရာဏစီဝရဿနာမ၊ အဟောင်းဖြစ်သော သင်္ကန်းမည်၏။ ။ပါဠိဘေဒ်၌စပ်။ ။အန္တမသော၊ အလုံးစုံကုန်သော အပိုင်းအခြားတို့၏ အဆုံး၌ ဖြစ်သော အပိုင်းအခြားဖြင့်။ ပရိဘောဂသိသေန၊ ကိုယ်ဖြင့်ဆို၍ သုံးဆောင်ခြင်းကိုအဋ္ဌကထာပြုသဖြင့်။ ။(ပရိဘောဂဿသိသံ)။ ။အံသေဝါ၊ ဒ်္ဒလည်းကောင်း။ မတ္ထကေဝါ၊ ဦးဆိပ်ဒ်္ဒလည်းကောင်း။ ကတွာ၊ တင်သည်ကိုပြု၍။ မဂ္ဂံ၊ ကို။ ဂဓတာ၊ သွားဘူးသည်။ ဟောတိ၊ အံ့။ ဥဿီသကံဝါ၊ ဦးခေါင်း၏ အောက်ဒ်္ဒထားအပ်သည်ကို။ ။(သိသဿ အဓောဥဿီသံ။ ။တသ္မိံ ထပိတံဥဿီသကံ)။ ။ဝါ၊ ဦးခေါင်းအုံးသည်ကို။ ကတွာ၊ ၍။ နိပန္နော၊ အိပ်ဘူးသည်။ ဟောတိ၊ အံ့။ တေမိမိစီဝရံ၊ သည်လည်း၊ ပုရာဏစီဝရမေဝ၊ တည်း။ ။သစေပန။ ပ။ နဟောတိ၊ ဟု၍။ ကုရုန္ဒိယံ၊ ဒ်္ဒ။ ပုတ္တံ၊ ပြီ။ ။ဆနက်။ ။ပစ္ဆတ္ထရဏာဿ၊ ၏။ ဟေဋ္ဌာ၊ ဒ်္ဒ။ကတ္ဝာဝါ၊ ၍သော်လည်း။ သစေနိပ္ပဇ္ဇတိ၊ အံ့။ ဟတ္ထဟိ၊ တို့ဖြင့်။ ဥက္ခိပိတ္ဝာ၊ မြှောက်၍။ အာကသေ၊ ဒ်္ဒ။ ဝိဂာဟံ၊ ကုံ။ ကတ္ဝာဝါ၊ ၍သော်လည်း။ သိသေန၊ ဖြင့်။ အဖုသန္တော၊ စေဘဲ။ သစေဥစ္ဆတိ၊ အံ့။ အယံ၊ ဤသို့အိပ်ခြင်းသွားခြင်းသည်။ ပရိဘာဂေါနောမ၊ သုံးဆောင်ခြင်းမည်သည်။ နဟောတိ၊ မ၏။ ။

ဧဘံနိဿဂ်ိယန္တိ ဧတ္ထဝစနေ၊ ဒ်္ဒ။ ဧဝံ၊ ဤသို့ဖွဲ့လေဟု၍။ အာဏတ္တာ၊ သော။ဘိက္ခုနိ၊ သည်။ ဓောဝနတ္ထာယ၊ ၄!။ ဥဒ္ဓနံ၊ခုံလောက်ကို။ သဇ္ဇေတိ၊ စိရင်အံ့၊ ဒါရူနံ၊ ထင်းတို့ကို။ သံဟရတိ၊ ရုံးစုအံ့။ အဂ္ဂိံ၊ ကို။ ကရောတိ၊ အံ့။ ဥဒကံ၊ ကို။ အာဟရတိ၊ အံ့။ ယာဝ၊ လောက်။ နံစီဝရံ၊ ကို။ ဓောဒိတ္ဝာ၊ ၍။ ဥက္ခိပတိ၊ ၏။ တာဝ၊ လောက်။ ဘိက္ခုနိယာ၊ ၏။ ပဒေသာဂေပဒေသာဂေ၊ ဒ်္ဒ။ဘိက္ခုဿ၊ အား။ ဒုက္ကဋံ၊ သည့်။ ဟောတိ၊ ၏။ ။

ဓောဝိတွာ၊ ၍။ ဥက္ခိမတ္တော၊ ခြိအပ်ကာမျှဖြစ်သည်ရှိသော်။ နိဿဂ်ိယံ၊ သည်။ ဟောတိ၊ ၏။ ။ဒုဒ္ဓေါတံ၊ မကောင်းစွာဖွပ်အပ်ပြီ။ ဣတိ၊ သို့။ မညမာနာ၊ သည်။ ဟုတွာ၊ ၍။ ပုန၊ ဘန်။ သစေသိဉ္ဆတိဝါ၊ အုံ။ သစေဓောဝတိဝါ၊ အုံ။ ယာဝ၀၊ လောက်။ နိဋ္ဌာနံ၊ ပြီးဆုံးခြင်းသို့။ နဂစ္ဆတိ၊ သေး။ တာဝ၀၊ လောက်။ ဘိက္ခုနိယာ၊ ၏။ ပယောဂေပယောဂေ၊ ၌။ ဘိက္ခုဿ၊ အား။။။ လိုက်။။။ ဒုက္ကဋ်ံ၊သည်။ဟောဘိ၊၏။ရဇနာကောဋ္ဌနေသု၊ဆိုးခြင်း နယ်ခြင်းတို့၌။ (ရဇနုဩကောဋ္ဌနဉ္စ)။ ။သေနယော၊ ကို။ ဝေဒိတပ္ပော၊ ၏။ဟိဝိတ္ထာရ ယိဿာမိ၊ ပိမ့်။ ရဇနဒေါကိယံ၊ ဆိုးရည်ကိုထည့်ရာဖြစ်သော ကျင်း၌။ ။ (ရဇနဿပက္ခိပနံ ဒေါကိ)။ ။ရဇနံ၊ ကို။ အာကိရိတွာ၊ လောင်း၍။ ယာဝ၀၊ လောက်။ သကိံ၊ ကြိမ်။ စိဝရံ၊ ကို။ ရဇတိ၊ ၏။ တာဝ၀၊ လောက်။ တတော ရဇနတော၊ ထိုသို့ဆိုးရာဖြစ်သောအခါမှ။ ပုပ္ပေ၊ သော။ ကာလေဝါ၊ ၌ လည်း။ ယံကိဉ္စိ၊ သော။ ကမ္မံ၊ ကို။ ရဇနတ္ထာယ၊ ၄။ ကရောတိ၊ ။အုံ့။ ပစ္ဆာ၊ သော။ ကာလေဝါ၊ ၌လည်း။ ပဋိရဇတိ၊ တဘန်ဆိုးအုံ့။ သပ္ပတ္ထ သပ္ပသ္မိံ၊ သော။ ကရုဏပဋိရဇနေ၊ ၌။ ဘိက္ခုနိ၊ယာ၊ ၏။ ပယောဂေ ပယောဂေ၊ ၌။ ဘိက္ခုဿ၊ အား။ ဒုက္ကဋ်ံ၊ သည်။ ဟောတိ၊ ၏။ ။ဧဝံ၊ တူ။ အာကောဋ္ဌနေပိ၊ ၌လည်း။ ပယောဂေါ၊ ကို။ ဝေဒိတပ္ပော၊ ၏။ အညာ ကိကာယ အညာတိကသည် ပုရာဏစိဝရံ ဓောဝါပေတိတိ၊ ကား။ အညာတိ ကာယ၊ သော။ ဘိက္ခုနိယာ၊ ၌။ အညာတိကသည်၊ သည်။ ဟုတွာ၊ ၍။ ပုရာဏစိဝရံ၊ ကို။ ။ထည့်။ ။ဣမံ စိဝရံ၊ ကို။ ဓော၀၊ လော။ ဣတိ၊ သို့။ နောစေပိ ဝဒတိ၊ ရှင့်။ အထခေါ၊ သော်လည်း။ ဓောဝနတ္ထာယ၊ ၄။ ကာယဝိကာရံ၊ ကိုယ်၏ဘောက်ပြန်ခြင်းကို၊ ။(ကာယဿ ဝိကာရော)။။။ ကတွာ၊ ၍။ ဟတ္ထေနဝါ၊ မိမိ၏လက်ဖြင့်လည်း။ ဟတ္ထေ၊ ရဟန်းမိန်းမ၏ လက်၌။ ဒေတိ၊ အုံ့။ ပါဒမူလေဝါ၊ ရဟန်းမိန်းမ၏ခြေတို့၏အရင်း၌လည်း။ ထပေတိ၊ အုံ့။ အန္တေဝဒ္ဓါဒသဟတ္ထေ၊ သော။ ဩကာသေ၊ ၌။ ဌကွာ၊ ၍။ ။ခိပတိ ပေသေတိ ခိပတိတို့၌စပ်။ ။ဥပရိဝါ၊ ရဟန်းမိန်းမ၏အထက် ၌လည်း။ ခိပတိ၊ အုံ့။ သိက္ခာမာနသာမဏေရိ သာမဏေရ၊ဥပါသက တိတ္ထိ ယာဒီနံ၊ တို့၏။ ဟတ္ထေဝါ၊ ၌လည်း။ ပေသေတိ၊ အုံ့။ နဒီတိတ္ထေ၊ မြစ်၏ ဆိပ်၌။ ။(နဒိယာ တိတ္ထံ)။ ။ဓောဝန္တိယာ၊ သော။ ဘိက္ခုနိယာ၊ ၏။ ဥပစာရေဝါ၊ ၌လည်း။ ခိပတိ၊ အုံ့။ ဓောပါပိတံယေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ။ပန၊ မဖြစ်သည်ကိုဆိုပိမ့်။ ဥပစာရံ၊ တဆယ် နှစ်တောင် ဥပစာကို။ မုဉ္စိတွာ၊ ၍။ သြရတော၊ ရဟန်း၏ ဤမှာဘက်မှ။ သစေထပေ တိ၊ အုံ့။ သာဘိက္ခုနိ၊ သည်။ ဓောဝိတွာ၊ ပြီး၍။ သစေအာနေတိ၊ အုံ့။

အနာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ။သိက္ခမာနာယဝါ၊ ၏လည်းကောင်း။ သာမဏေရိယာဝါ၏လည်းကောင်း။ ဥပါသိကာယဝါ၊ ၏လည်းကောင်း။ ဟတ္ထေ၊ ၌။ ခေါနုဟ္ဘာယ၊ ၄၊ ဒေတိ၊အံ့။ သာသိက္ခမာနာဝါသည်လည်းကောင်း။သာသာမဏေရိဝါသည်လည်းကောင်း။သာဥပါသိကာဝါသည်လည်းကောင်း။ ဥပသမ္ပဒိတ္တာ၊ မြင့်မြတ်သောပဉ္စင်းမ၏ အဖြစ်သို့ရောက်၍။ ဝါ၊ ပဉ္စင်းခံ၍။ စေခေါဝတိ၊ အံ့။ အာပတ္တိယေဝ ၊သည်သာလျှင်။ ဟောတိ၊ ၏။ ။ဥပါသကာသာ၊ ၏။ ဟတ္ထေ၊ ၌။ ဓောဝနတ္ထာယ၊ ၄၊ ဒေတိ၊ အံ့။ သောဥပါသကော၊ သည်။ လိင်္ဂံ၊ သည်။ ပရိဝတ္တေ၊ သော်။ ဘိက္ခုနီသု၊ တို့၌။ ပဒဒိတ္တာ၊ ၍။ဥပသမ္ပဒိတ္တာ၊ ၍။ စေခေါဝတိ၊ အံ့။ အာပတ္တိယေဝ၊ သည်သာလျှင်။ဟောတိ၊ ၏။ ။သာမဏေရဿဝါ၊ ၏လည်းကောင်း။ ဘိက္ခုဿဝါ ၏လည်းကောင်း။ ဟတ္ထေ၊ ၌။ ဒိန္နေ၊ သော။ စိဝရာ၊ ၌။ လိင်္ဂပရိဝတ္တနေပိ၊ ၌လည်း၊ နေဝနယော၊ ကိုသာလျှင်။ ဝေဒိတဗ္ဗော၏။

ခေါဝါပေတိ ရဇာဘိဘိ အာဒီသု၊ ကုန်သော။ပဒေသု၊ တို့၌။ကေနသော။ ဝတ္ထုနာ၊ ဖြင့်။ နိဿဂ္ဂိယံ၊ သော။ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေန၊ သော။ ဝတ္ထုနာ၊ ဖြင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ။တိဏိပိ၊ ဖွပ်ခြင်း ဆိုးခြင်း နယ်ခြင်းတို့၏အစွမ်းဖြင့် သုံးခုလည်းဖြစ်ကုန်သော။ဝတ္ထူနိ၊ တို့ကို၊ ကာရာပေန္တဿ၊ သော။ ဘိက္ခုနာ၊ အား။ ဧကေန၊ သော။ ဝတ္ထုနာ၊ ဖြင့်။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဧဟာဘိ၊ ၏။ ။ သေသေဟိ၊ တခုသောဝတ္ထုမှ ကြွင်းကုန်သော။ ဝတ္ထူဟိ၊ တို့ဖြင့်။ ဒွေ၊ ကုန်သော။ ဒုက္ကဋာနိ၊ တို့သည်။ ဟောန္တိ၊ ၄ုန်၏။ ။ ပန၊ အကြောင်းကို ပြပိမ့်။ ယဿ၊ ကြောင့်။ဧတာနိ ဓောဝနာဒီနိ၊ ထိုဖွပ်ခြင်းအစရှိသည်တို့ကို။ ဝါ၊ ထိုဖွပ်ခြင်း ဆိုးခြင်း နယ်ခြင်းတို့ကို။ ။(ဓောဝနံအာဒိ ဧတေသန္တိ)။ ။ ပဋိပါဋိယာဝါ၊ အားဖြင့်လည်းကောင်း။ ဥပ္ပဋိပါဋိယာဝါ၊ အားဖြင့်လည်းကောင်း။ ကာရေန္တဿ၊ သော။ ဘိက္ခုနာ၊ အား။ မောက္ခော၊ အာပတ်မှလွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တဿ၊ ကြောင့်။ ဧတ္ထဧတိသဿ ပါဋိယံ၊ ၌။ တ်ဏ်၊ ကုန်သော။ စတုက္ကဉာနိ၊ တို့ကို။ ဝုတ္တာနိ၊ ကုန်ပြီ။ ဟိသဒ္ဒေ၊ ၏။ ဇုမံ စိဝရံ၊ ကို။ ရဇိတ္ဝာ၊ ၍။ ဧ ဝရိတ္ဝာ၊ ၍။ အာဒေနဟိ၊ ဆောင်ခဲ့လော။ ဣဘိ၊ သို့။ ဝုတ္တော၊ သော။ သာဘိက္ခုနီ၊ သည်။ ပဋမံ၊ စွာ။ ဓောဝိတ္ဝာ၊ ၍။ ပစ္ဆာ၊ ၌။ သစေဝိ ရဇတိ၊ အံ့။ နိဿဂ္ဂိယေန၊ သော။ ပါစိတ္တိယေန၊ နှင့်။ သဟ၊ ကွ။ ဒုက္ကဋမေဝ၊ သည်ပင်လျှင်။ ဟောတိ၊ ၏။ ။ဧဝံ၊ တူ။ သဗ္ဗေသုပိ၊ ကုန်သော။ ဝိပရိဘ ဝစနေသု၊ ပြန်ကုန်သော စကားတို့၌။ နယော၊ ကို။

နေတပ္ပေါ၊ ၏။ ။ပန၊ ဆက်၍ဆိုပိမ့်။ဓောဒိတ္ထ၊ ၍။အာနေဟိ၊ ခဲ့လော။ ဣတိ၊ သို့။ ဝုတ္တာ၊ သော။ ဘိက္ခုနီ၊ သည်။ သစေဓောဝတိစေဝ၊ အံ့။သစေ ရဇတိစ၊ အံ့။ ဓောဝါပန ပစ္ဆယာဓေ၊ ဖွပ်စေခြင်းဟူသော အကြောင်း ကြောင့်သာလျှင်။ ။(ဓောဝါပနဥ္စ တံ ပစ္စယောစာတိ)။ ။အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ။ရဇနေန၊ ကြောင့်။ အနာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ သို့။ သဗ္ဗတ္ထသဗ္ဗသ္မိံ၊ ဒသော။ ဝုတ္တာဓိက ကရဏော၊ ရဟန်းသည် ဆိုအပ်သည် ထက် အလွန်ပြုခြင်းဌ်။ ။(အဓိကံကရဏံ။ ။ဝုတ္တတော အဓိက ကရဏာ)။။ အဝုတ္တာ ဓောဝတိတိ ဣမိနာလက္ခဏေန၊ ဖြင့်။ အနာပတ္တိ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ ။ဣမသ္မိံ စိဝရေ၊ ဌ်။ ယံကမ္မံ၊ ကို။ ကာတဗ္ဗံ၊ ၏။သဗ္ဗံ၊ သော။တံကမ္မံ၊ သည်။ တုဿံ၏။ဘာရော၊ တည်း။ဣတိ၊ သို့။ဝဒန္တော၊ သော။ ဘိက္ခုပန၊ သည်ကား။ ဧကဝါစာယ၊ ဖြင့်။ သမ္ပဟုလာ၊ ကုန်သော။ အာပတ္တိယော၊ ပါစိတ်နှင့်တကွ နှစ်ချက်ကုန်သော အာပတ်တို့သို့။ အာပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။ ။အညာတိကာယ ဝေမတိကော အညာတိကာယ ဥာတ်ကသည်တိ ဣမာနိပိ ပဒါနိ၊ တို့ကိုလည်း။ ဝုတ္တာနံယေဝ၊ ကုန်သော။ တိဏ္ဏံ၊ ကုန်သော။စတုက္ကာနံ၊ တို့၏'ဝသေန၊ ဖြင့်။ဝိတ္ထာရတော၊ အားဖြင့်။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ။

ကေတော ဥပသမ္ပန္နာယာတိ၊ ကား။ ဘိက္ခုနိနံ၊ တို့၏။ သန္တိကေ၊ ဌ်။ ဥပသမ္ပန္နာယ၊ သော။ ဘိက္ခုနိယာ၊ ကို။ဓောဝါပေန္တာသ၊ သော။ဘိက္ခုနော၊ အား။ ဒုတ္တဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ ။ဘိက္ခူနံ၊ တို့၏။ သန္တိကေ၊ ဌ်။ ဥပသမ္ပန္နာယ၊ သော။ ဘိက္ခုနိယာ၊ ကို။ ဓောဝါပေန္တာသ၊ သော၊ ဘိက္ခုနောပန၊ အားကား။ယထာဝတ္ထုကမေဝ၊ ဝတ္ထုအား လျော်စွာသာလျှင်။ နိဿဂ်ိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ ။ဘိက္ခူနံ၊ တို့၏။ သန္တိကေ၊ ဌ်။ ဥပသမ္ပန္နာ၊ သော။ ဘိက္ခုနိနာမ၊ သည်။ ပဥ္စသတာ၊ ငါးရာအတိုင်းအရှည် ရှိကုန်သော။ ။(ပဥ္စစ တာနိ သတာနိစာတိ၊ ။ပဥ္စသတာနိ ပရိမာဏံ ဧတာ သန္တိ)။ ။သာကိယာနိယော၊ သာကီဝင် မင်းသွေးတို့တည်း။ ၊အဝုတ္တာ ဓောဝတိတိ၊ ကား။ ဥဒ္ဒေသာယဝါ၊ ဌ်လည်းကောင်း။ ဩဒါဒါယဝါ၊ ဌ်လည်းကောင်း။ အာဂတာ၊ သော။ ဘိက္ခုနိ၊ သည်။ကိလိန္နံ၊ ညစ်နွမ်းသော။ စိဝရံ၊ ကို။ ဒိသွာ၊ ၍။ ဃပိတ ဌာနတော၊ ထားအပ်ရာဖြစ်သော အရပ်မှ။။ (ထပိယတိတ္ထောတိ၊ ။ထပိတဋ္ဌ ဘံ ဌာနဋ္ဌောတိ)။ ။ဂဟေတွာဝါ၊ ၍လည်း ကောင်း။ အယျ၊ အသျှင်ကောင်း။ ဒေထ၊ ပါကုန်လော။ အဟံ၊ သည်။ ဓောဝိဿာမိ၊ ပါအံ့။ ဣတိ၊ သို့။ဝတ္တွာ၊ ၍။ အာဟာရာပေတွာဝါ၊ ၍လည်း

ကောင်း ခေ၁ဝတ်စေ၀၊ အံ့။ ရဇတိစ၊ အံ့။ အာကောဋ္ဌေတိစ၊ အံ့။ အယံ ဘိက္ခုနိ၊ သည်။ ဒုဝုတ္ထာ၊ ဘဲ။ ခေ၁ဝတိနာမ၊ မည်၏။ ယာပိဘိက္ခုနိ၊ သည်လည်း။ ဤမံစီ၀ရံ၊ ကို။ ခေ၁၀၊ လော့။ ဤတိ၊ သို့။ ၀တ္ဘာ၊ ၍း ဒဟရံ၀ါ၊ ကိုလည်းကောင်း။ သာမဏေရံ၀ါ၊ ကိုလည်းကောင်း။ အာဏာဧပန္တိဿ၊ သော။ ဘိက္ခုနော ၏။ ၀စနံ၊ ကို။ သုတ္တာ၊ ၍။ အယ္ယ၊ ကောင်း။ အာဟရထ၊ ဂုန်လော့။ အဟံ၊ သည်။ ခေ၁ဝိဿာမိ၊ အံ့။ ဤတိ၊ သို့။ ၀တ္တာ၊ ၍။ ဂဟေတ္ဘာ၀ါ၊ ၍လည်းကောင်း။ တာ၁ကာလိကံ၊ တန့်။ ဂဟေတ္ဘာ၀ါ၊ ၍လည်းကော့င်း။ ခေ၁ဝိတ္ဘာ၊ ၍။ ရဇိတ္ဘာ၊ ၍။ဒေတိ၊ အံ့။ အယမ္ပိဘိက္ခုနိ၊ သည်လည်း။ အဝုတ္ထာ၊ ဘဲ။ ခေ၁ဝတိနာမ၊ မည်၏။ ။အညံ ပရိက္ခာရန္တိ၊ ကား။ အညံ သက်န်းမှတပါ၊းသော။ ဥပါဟနတ္ထဝိက ပတ္တတ္ထဝိက အံသဗန္ဓက ကာယဗန္ဓန မဋ္ဌ ပီဌ ဘိသိ တန့်ကာဒိ၊ ဘိနပ်တို့က် ထည့်ရာဖြစ်သော အိပ်- သပိတ်ကိုထည့်ရာဖြစ်သောအိပ်- အံသကိုင်-ခါးပန်း- ညောင်စောင်း အင်းပျဉ်တို့၌ ခင်းအပ်သောဘုံလျှိ-သဘော့ဖျာအစရှိသော။ ။(ဥပါဟနုတ္ထဝိကာစ ပတ္တတ္ထဝိကာစ အံသဗဒ္ဓ ကာယဗန္ဓနဋ္ဌ မဋ္ဌပီဌဘိသိစ တန့်ကာစ။။ တာအာဒယော ဧတသာဘိ)။ ။ယံကိဉ္စိ၊ သော။ ပရိက္ခာရံ၊ ကို။ ခေ၁ါ ေ၁ဒါ၊ အံ့၊ အနာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ။တ္ထေတသ္မိံသိက္ခာပဒေ၊ ၌။ သေသံ၊ သော။ ၀စနံ၊ သည်။ ဥတ္တာနတ္ထမေ၀၊ တည်း။ သံမုဉ္ဇာနာဒီသုပန၊ တို့၌ကား။ ဤဒံသိက္ခာပဒံ၊ သည်။ ဆ သမုဉ္ဇာနံ၊ ၏။ ကြိယံ၊ ၏။ နောသညာ ၄မောက္ခံ၊ ၏။ အစိတ္တကံ၊ တည်း။ ပဿာတ္တိ၀ဋ္ဌံ၊ တည်း။ ကာယကမ္မ ၀စီကမ္မံ၊ တည်း။ တိစိတ္တံ၊ ၏။တိ၀ေဒနံ၊ ၏။ဤတိဤဒံ ပရိသမာပနံ၊ ကို။ ဒဋ္ဌဗ္ဗာ၊ ၏။ ။

ပုရာဏစီ၀ရ သိက္ခာပဒ ၀ဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။ ။

နိဿဿယ စီ၀ရ၀ဂ္ဂ စီ၀ရပဋိဂ္ဂဟဏ သိက္ခာပဒ။

တေန သမယေနာတိ အာဒိနာ၊ သော။ နိဒါနေန၊ ဖြင့်။ ပဋိမဏ္ဍိတံ၊ သော။ သိက္ခာပဒံ၊ သည်။ စီရ၀ ပဋိဂ္ဂဟဏ သိက္ခာပဒံ၊ တည်း။ ။ တတ္ထ တသ္မိံ စီ၀ရ ပဋိဂ္ဂဟဏ သိက္ခာပဒေ၊ ၌။ ပိဏ္ဍာပါတ ပဋိက္ကန္တာတိ၊ ကား။ ပိဏ္ဍာပါတာတော၊ ဆွမ်းအလို့ငှါ လှည့်လည်ရာဖြစ်သော။ ဂါမတော၊ မှ။ ပဋိက္ကန္တာ၊ ဖဲခဲ့သည်ရှိသော်။ ။ ယေနန္ဓ၀နံ တေနုပသင်္ကမိတိ၊

ကား။ သိက္ခာပဒေ၊ ဂဏမှာ ဩဖ်ိယန သိက္ခာပုဒ်ကို။ အပညတ္တော်ပညတ်
ကော်မမူအပ်သေးမိ။ ယေန ပဒေသေန၊ ဒ်။ အန္တဝနံ၊ ကာဏ်းကုန်သော
သူတို့၏ နေ ကုန် ရာ ဖြစ်သော တောသည်။ ။ (ဝသန္တိ ဇော်ထာတိ။ ။
အန္တောနံ ဝသနံ ဝနံ)။ ။ အတ်ထိ၊ ၏။ တေန ပဒေသေန၊ သို့။ ဥပသင်္ကမိ၊
ပြီ။ ။ ကတကမ္မာတိ၊ ကား။ ကတစောရိက ကမ္မာ၊ ခိုးသူတို့၏အဖြစ်ဟူ
ဆိုအပ်သော အမှုကို ပြုကုန်ပြီးသော။ ။ (စောရာနံ ဘာဝေါ။ ။ စောရိ
ကမေဝ ကမ္မံ။ ။ ကတံစောရိက ကမ္မံ ဇေတဟိတိ)။ ။ သန္ဓိစ္ဆေဒနာ
ဒိဟို၊ အိမ်၏အစပ်ကို ဖြတ်ခြင်းအစရှိသည်တို့ဖြင့်။ ။ (သန္ဓိသ ဆေဒနံ။။
ကံအာဒိ ဇေတေ သန္တေ)။ ။ ပရဘဏ္ဍံ၊ တပါးကုန်သော သူတို့၏ ဘဏ္ဍာ
ကို။ ။ (ပရေသံ ဘဏ္ဍာ)။ ။ အာဟရိတ္ဝာ၊ ကုန်၍။ ဣတိ၊ သို့။
ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ။ စောရဂါမဇ်ကောတိ၊ ကား။ စောရ
ဇေဋ္ဌကော၊ ခိုးသူတို့၏ အကြီးသည်။ ။ (စောရာနံ ဇေဋ္ဌကော)။ ။
သောစောရ ဂါမဏိကော၊ သည်။ ပုဗ္ဗေ၊ သော။ ကာလေ၊ ဦ။ ထေရံ၊
ကို။ ဇာနာတိ ကိရ၊ သတာတ်။ တသ္မာ၊ ကြောင့်။ ပုရတော၊ မှ။ ဂစ္ဆန္တော၊
သော်။ ဒိသ္မာ၊ ၏။ ဇေတ္တော ပဒေသ တော၊ ထိုအရပ်မှ။ မာဂစ္ဆယ၊
မသွားကြကုန်လင့်။ သဗ္ဗေ၊ ကုန်သော။ တုမှေ၊ တို့သည်။ ဣတောပဒေ
သတော်၊ ဤအရပ်မှ။ ဇော၊ လာကြကုန်လော။ ဣတိ၊ သို့။ ဝတ္ဝာ၊ ၏။
တေစောရေ၊ တို့ကို။ ဂဟေတ္ဝာ၊ ခေါ်၏။ အညေန၊ သွားကုန်ရာဖြစ်
သော ခရိုးမှ တပါးသော။ မဂ္ဂေန၊ ဖြင့်။ အဂမာသိ၊ ပြီ။ ။ သမာဓိမှာ
ဝုဋ္ဌဟိတ္ဝာတိ၊ ကား။ ဘေရိ၊ သည်။ ပရိစ္ဆိန္နဝေလာယံ ဇော၊ ပိုင်းခြား
အပ်ရာဖြစ်သော အခါ၌သာလျှင်။ ။ (ပရိစ္ဆိန္နိယတိ ဇော်ထာတိ။ ။ပရိစ္ဆိန္နာစ
သာ ဝေလာစာတိ)။ ။ သမာဓိမှာ၊ အရဟာတ္တဖိုလ် သမာဓိမှ။ ဝုဋ္ဌဟိ
ကိရ၊ သတတ်။ သောပိဒေစောရ ဂါမဏိကော၊ သည်လည်း။ တသ္မိံ ယေဝ
ခဏေ၊ ထိုအရဟာတ္တဖိုလ် သမာဓိမှ ထရာဖြစ်သော ခဏ၌သာလျှင်။ ဧဝံ၊
ဤယောပသကိ သမဏောဝါ ဗြာဟ္မဏောဝါ ဒိန္နံ ယေဝ ဟရတု-ဟူ၍။
အဝစကိရ၊ သတတ်။ တသ္မာ၊ ကြောင့်။ သာထေရိ၊သည်။ အဃောသိ၊
ပြီ။ သုတ္ဝာစ၊ ပြီး၍လည်း။ ဒါနိ၊ ဒ်။ မယာ၊ ကို။ အညတြ၊ ၍။
အညော၊ ငါမှတပါးသော။ သမဏောဝါ၊ သည်လည်းကောင်း။ ဗြာဟ္မ
ဏောဝါ၊ သည်လည်းကောင်း။ ထွေတော်မှ ပဒေသေ၊ ဒ်။ နတ္ထိ၊ မရှိ။
ဇုတိ၊ သို့။ မညိတ္ဝာ၊ ၍။ တံမံသံ၊ ကို။ အဂ္ဂဟေသိ၊ ပြီ။ တေနဂဟ
ဏေန၊ ကြောင့်။ အထခေါ ဥပ္ပလဝဏ္ဏာ ဘိက္ခုနီတိ အာဒိ၊ သော။ ဝစနံ၊
ကို။ ဝုတ္တံ၊ ပြီ။ ။ ဩဟိယျကောတိ၊ ကား။ အဝဟိယကော၊ ကျန်ရစ်

သည်။ အဝသေသော၊ ကြင်းရစ်သည်။ ဝိဟာရဝါရုံ၊ ကျောင်းကို စောင့်
ရှောက်သော ရဟန်းဓမ္မအလှည့်ကို့။ ။(ဝိဟာရသ ပါလကဿ ဝါရော)။ ။
ပတ္တာ၊ ၏။ ဧကော၊ ဝ၊ တယောက်ထည်းသာလျှင်။ ဝိဟာရေ၌၊ ။ ဌိတော၊
တည်ရစ်သည်။ ဣတိ အယံ၊ သည်ကား။ အတ္ထော၊ တည်း။ ။

သဧ ဧ မေတ္တံ အန္တရဝါသကံ ဒဒေယျာသိတိ၊ ဟူ၍။ ကသ္မာ၊ ကြောင့်။
အာဟ သနည်း။ သဧ ဧမေတ္တံ အန္တရဝါသကံ ဒဒေယျာသိတိ၊ ဟူ၍။ ။လိုက်။ ။
သကျံ၊ နှုးညံ့သော။ ဃနမဋ္ဌံ၊ တခဲနက်ပြေပြစ်သော။ အန္တရဝါသကံ၊
ကို။ ဒိသွာ၊ ၍။ လောဘေန၊ တပ်ခြင်းကြောင့်။ အာဟ၊ သတည်း။ ။
ပြန်။ ။အပရော၊ သော။ နယောအပိစ၊ ကိုလည်း။ မယာ၊ သည်။
ဝုဋ္ဌတော၊ ၏။ တသ အာယသ္မတော ဥဒါယိဿ၊ အား။ သဏ္ဌော၊ သော။
ဃနမဋ္ဌော၊ သော။ ။လိုက်။ ။အန္တရဝါသကော၊ ၌။ လောဘော၊ တပ်ခြင်း
သည်။ အဿကော၊ နည်း၏။ ပန၊ စင်စစ်သော်ကား။ ထေရိယာ၊ ၏။
ကောဋ္ဌာသ သမ္ဘတ္တိ၊ ဆံ အစရှိကုန်သော ငါးပါးကုန်သော လောဋ္ဌာသတို့၏
ပြည့်စုံခြင်းသည်။ ။(ကောဋ္ဌာသာနံ သမ္ဘတ္တေ)။ ။သိခါပတ္တာ၊ အထွဋ္ဌသို့
ရောက်၏။ ။(သိခံပတ္တာ)။ ။တေန သိခါပတ္တဘာဝေန၊ ကြောင့်။ အဿာ
ဌေရိယာ ၏ သရီရပါရိဟာရိယံ၊ ကိုယ်၏ ပြည့်စုံခြင်းကို။ ။(သရီရဿ
ပါရိဟာရိယံ)။ ။ပသိဿာမိ၊ ကြည့်အံ့။ ဣတိ၊ သို့။ စိန္တေတွာ၊ ၍။
ဝိသမေ လောဘံ အရာမဟုတ်သည်၌ တပ်ခြင်းကို။ ။(ဝိသမေ လောဘော)။ ။
ဥပါဒေတွာ၊ ၍။ ဧဝံ၊ ဤသစေ မေ တံ အန္တရဝါသကံ ဒဒေယျာသိ- ဟူ၍။
အာဟ၊ သတည်း။ ။အန္တိမန္တိ၊ ကား။ ပဉ္စန္နံ၊ ဒုကုဋ္ဌ- ကိုယ်ဝတ်- သင်းပိုင်-
တဘက်ရင်စည်း- ဥဘုန်းအား ဖြင့် ငါးထည်ကုန်သော။ စီဝရာနံ၊ တို့တွင်။
သဗ္ဗပရိယန္တံ၊ အလုံးစုံကုန်သော ငါးထည်ကုန်သော သင်္ကန်းတို့၏ အပိုင်း
အခြားသည်။ ။(သဗ္ဗေသံ ပရိယန္တံ)။ ။ဟတ္ထော၊ ၍။ အန္တိမံ၊ အဆုံးဌ
ဖြစ်သော။ ။(အန္တေဓာတံ)။ ။ကသ္မာ၊ ကြောင့်။ အန္တိမံ၊ သနည်း။ ။
ဟိယသ္မာ၊ ကြောင့်။ ပစ္ဆိမံ၊ အဆုံးဌဖြစ်သော။ စီဝရံ၊ သည်။ အန္တိမံ၊
မည်၏။ အညံ၊ ဤသင်္ကန်းမှတပါး သော။ လေသေနပိ၊ အပိုထားလိုသော
အမြွက်ဖြင့်သည်း။ ဝိကပ္ပေတွာဝဝါ၊ ၍လည်းကောင်း။ ပစ္စုဒ္ဓရိတွာဝဝါ၊ ၍
လည်းကောင်း။ ထပိတံ၊ သော။ စီဝရံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊
ကြောင့်။ အန္တိမံသတည်း။ ။ပြန်။ ။ဣတိတသ္မာ၊ကြောင့်။ဧဝံ၊ ဤသို့အန္တိမံဟူ၍။
ယထာ အနုညာတာနံ၊ အကြင်အကြင် ဆွင့်ပြုတော် မူအင်္ကျီပြား သော။
(ယာနိယာနိ အနုညာတာနိ)။ ။ဝါ၊ ဆွင့်ပြုတော်မူအပ်ကုန်ပြီးသည်တို့အား

လျော်ကုန်သော။ ။(အနုညာတာနံ ယထာအနုရူပါနိ)။ ။ဝါ။ ခွင့်ပြုတော်မူအပ်တိုင်း ကုန်သော။ ပဥ္စန္နံ၊ ကုန်သော။ စိဝရာနံ၊ တို့ကို။ ဓာရဏဝသေနေဝ၊ ဆောင်ခြင်း၏ အစွမ်းဖြင့်သာလျှင်။ အာဟာ၊ ၏။ လောဘေန၊ သဉ်ကန်းခဲ့တပ်ခြင်းဖြင့်။ အာဟာ၊ သည်။ နု၊ မဟုတ်။ ။ ကဿဝ၊ ကြောင့်။ နု၊ သနည်း။ ။ဟိယသ္မာ၊ ကြောင့်။ ခီဏာသဝါနံ၊ ကုန်သော။ ပုဂ္ဂလာနံ၊ တို့အား။ လောဘော၊ သည်။ နအတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ နု၊ သတဉ်း။ ။ပြန်။ ။နိပ္ပိဋ္ဌိယ မာနာဘိ၊ ကား။ ဥပမံ၊ ကို။ ဒဿေတွာ၊ ၍။ ဂါဠှံ၊ ကြပ်ကြပ်။ ပိဋ္ဌိယမာနာ၊ နှိပ်စက်အပ်သည်ရှိသော်။ ။အနာရဝါသကံ ဒတွာ အဂမာသိဘိ၊ ကား။ သင်္ကိစ္စံကံ၊ ရင်စည်းတဘက်ကို။ နိဝါသေတွာ၊ ၍။ ယထာ၊ အားဖြင့်။ ဒဿနီယာ၊ ပြသည်ရှိသော်။ တာသ အာယသ္မာတော ဥဒါယိသ၊ ၏၊ မနောရထော။ ကိုယ်၏ပြည့်စုံခြင်းကို ကြည့်အံ့ဟူ၍ ဖြစ်သော စိတ်၏အလိုသည်။ နပူရတိ၊ မပြည့်။ ဧဝံတာသာ၊ အားဖြင့်။ ဟတ္ထတလေ ယေဝ၊ လက်ဝါး၏ အပြင်ဦးသာလျှင်။ ဒါတဗ္ဗ စိဝရံ၊ ကို။ ဒဿေတွာ၊ ၍။ အဂမာသိ၊ ပြီ။ ။ပါဠိတော်၌လာသော ကဲ့ရဲ့ခြင်း၏ အကြောင်းကို ပြလို၍ ကသ္မာ- အစမိန့်။ ။ကသ္မာ၊ ကြောင့်။ ဘိက္ခုနိယော၊ တို့သည်။ ။ ထည့်။ ။ပါရိဝတ္တက စိဝရံ၊ လဲလှယ်အပ်သော သင်္ကန်းကို။ ။(ပရိဝတ္တေတဗ္ဗန္တိ ပရိဝတ္တံ။ ။တမေဝ ပါရိဝတ္တက်။ ။ပါရိဝတ္တကဥ္စ တံ စိဝရဉ္စာတိ)။ ။ အပဋိဂ္ဂဏှန္တေ၊ ကုန်သော။ ဘိက္ခူ။၊ တို့ကို။ ဥဗ္ဗာယိံသု၊ ကုန်သနည်း။ တွေ့ကောပိ၊ ဤလဲလှယ်သော သင်္ကန်းကိုခံခြင်း အဘိုင်းအရှည်ရှိသည်လည်း ဖြစ်သော။ ။(ဧတံ ပါရိဝတ္တက စိဝရ ပဋိဂ္ဂဟဏံ ပရိမာဏံ ဧတာသာတိ)။ ။ အမှေသု၊ တို့၌။ အာယျာနံ၊ တို့၏။ ဒိဋ္ဌိ၊ သည်။ သစေနတ္ထိ၊ အံ့။ ကဿံ၊ အားဖြင့်။ မယံ၊ တို့သည်။ ယာပေသာမ၊ မျှနိုင်ကုန်အံ့နည်း။ ဣတိ၊ သို့။ မညိတွာ၊ ကုန်၍။ ဝိဟတ္ထတာယ၊ သင်္ကန်းကို ခံခြင်းမှ ကင်းသော လက်ရှိကုန်သည်တို့၏ အဖြစ်သည်။ ။(ဝိဂတော ဟတ္ထော ဧတာသန္တီ။ ။ တာသံဘာဝေါ)။ ။သမဘိဟန္နတ္တာ၊ နှိပ်စက်အပ်ကုန်သည်တို့၏ အဖြစ် ကြောင့်။ ။(သမဘိဟန္နာနံ ဘာဝေါ)။ ။ဘိက္ခုနိယော၊ တို့သည်။ ပါရိဝတ္တက စိဝရံ၊ ကို။ အပဋိဂ္ဂဏှန္တေ၊ ကုန်သော။ ဘိက္ခူ။၊ တို့ကို။ ဥဗ္ဗာယိံသု၊ ကုန်သတဉ်း။ ။ပြန်။ ။

အနုဇာနာမိ ဘိက္ခဝေ ဣမေသံ ပဉ္စန္နန္တိ၊ ကား။ ဘိက္ခဝေ၊ တို့၊ အဟံ၊ သည်။ ထ၊ သည်။ ပဉ္စန္နံ၊ ရဟန်းယောကျ်ား--- ရဟန်းမိန်းမ---သိက္ခမာန်--- သာမဏေယောကျ်ား---သာမဏေမိန်းမ အားဖြင့်ငါးယောက်ကုန်သော။သမ သဒ္ဓါနံ၊

တူသောသဒ္ဒါရှိကုန်သော။ ။(သမာသဒ္ဒါဋ္ဌမေသန္တိ)။ ။သမသီလာနံ၊ တူသောသီလရှိကုန်သော။ ။(သမံသီလံဋ္ဌမေသန္တိ)။ ။သမဒိဋ္ဌိနံ၊ တူသောအယူရှိကုန်သော။ ။(သမာဒိဋ္ဌိဋ္ဌမေသန္တိ)။ ။ဋ္ဌမေသံသဟဓမ္မိကာနံ၊ တို့၏။ ပါရိဝတ္တကံ၊ သော။ စိဝရံ၊ ကို။ ဂဟေတုံ၊ ၄ါ။ အနုဇာနာမိ၊ ၏။ ဋ္ဌတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။ ။ပယောဇေဒုက္ကဋန္တိ၊ ကား။ ဂဟဏတ္ထာယ၊ ၄ါ။ ဟတ္ထပပွသာရဏာဒီသု၊ တို့၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ။ပဋိလာဘေနာတိ၊ ကား။ ပဋိဂ္ဂဟဏေန၊ ဖြင့်။ စ၊ဆက်၍ဆိုပိမ့်။ တတ္ထတသ္မိံ ပဋိဂ္ဂဟဏေ၊ ၌။ ဟတ္ထေနဝါ၊ ဖြင့်မူလည်း။ ဟတ္ထေ၊ ၌။ ဒေဘု၊ ပေးစေ။ ပါဒမူလေဝါ၊ ခြေတို့၏အနီး၌မူလည်း။ ထပေတု၊ စေ။ ဥပရိဝါ၊ ၌မူလည်း။ ခိပတု၊ စေ။ သောဘိက္ခု၊ သည်။ စေသာဒိယတိ၊ အံ့။ ဂဟိတမေဝ၊ သည်သာလျှင်။ ဟောတိ။ ၏။ ။ပန၊ အနာပတ္တိကိုဆိုပိမ့်။ သိက္ခမာန သာမဏေရ သာမဏေရီ ဥပါသက ဥပါသိကာဒီနံ၊ တို့၏။ ဟတ္ထေ၊ ၌။ ပေသိတံ၊ သော။ စိဝရံ၊ ကို။ သစေပဋိဂ္ဂဏှာတိ၊ အံ့။ အနာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဓမ္မကထံ ။ပ။ နဘ္ဆိတိ၊ ဟူ၍။ မဟာပစ္စရိယဉ္စ၊ ၌လည်းကောင်း။ ဂ္ဂရုန္ဒိယဉ္စ၊ ၌လည်းကောင်း။ ဝုတ္တံ၊ ပြီ။ ။အနက်။ ။ဓမ္မကထံ၊ တရားနှင့်စပ်သောစကားကို၊ ။(ဓမ္မေနပဋိသံယုတ္တောကထော)။ ။ကဿန္တိဿ၊ သော။ ဘိက္ခုနော၊ ၏။ ပါဒမူလေ၊ ၌။ စတသ္သောဝိ၊ ကုန်သော။ ပရိသာ၊ တို့သည်။ စိဝရာနိစ၊ တို့ကိုလည်းကောင်း။ နာနာဝိရာဂဝတ္ထာနိစ၊အထူးထူးသော တဝ်ခြင်းရှိကုန်သော အဝတ်တို့ကိုလည်းကောင်း။ ။(နာနာဝိရာဂေါ ဇေတသန္တိ။ ။နာနာဝိရာဂါနိစ တာနိ ဝတ္ထာနိစာတိ)။ ။ အာနေတွာ၊ ကုန်၍။ ထပေန္တိ၊ ကုန်အံ့။ ဥပစာရေ၊ တဆယ်နှစ်တောင်ရှိသော ဥပစာ၌။ ဌတွာဝါ၊ ကုန်၍သော်လည်းကောင်း။ ဥပစာရံ၊ ကို။ မုဉ္စိတွာဝါ၊ ကုန်၍သော်လည်းကောင်း။ ခိပန္တိ၊ ကုန်အံ့။ တတ္ထတေသု စိဝရ ဝတ္ထေသု၊ တို့တွင်။ ဘိက္ခုနိနံ၊ တို့၏။သန္တကံ၊ သော။ ယံစိဝရဝတ္ထံ၊ သည်။ အတ္တိ၊ ၏၊ တံစိဝရဝတ္ထံ၊ ကို။ ပါရိဝတ္တကာ၊ ကို။ အညတြ ထပေတွာ၊ ၍။ ဂဏှန္တဿ၊ သော။ ဘိက္ခုနော၊ အား။ အာပတ္တိယေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ။ပန၊ မလဲလှယ်အပ်သည်ကိုဆိုပိမ့်။ ရတ္တိဘာဂေ၊ ၌။ခိတ္တာနိ၊ ကုန်သည်။ အထဟောန္တိ၊ ကုန်အံ့။ ဣဒံစိဝရဝတ္ထံ၊ သည်။ဘိက္ခုနိယာ၊ ၏။ စိဝရဝတ္ထံ၊သည်။ ဣဒံစိဝရဝတ္ထံ၊ သည်။ အညေသံ၊ ရဟန်းမိန်းမမှ တပါးကုန်သောသူတို့၏။ စိဝရဝတ္ထံ၊ တည်း။ ဣတိ၊ သို့။ ဥာတုံ၊ ၄ါ။ အထနသက္ကာ၊ အံ့။ ပါရိဝတ္တကကိစ္စံ၊ သည်။ နတ္ထိ၊ မရှိ။

ဟံဝစနံ၊ ထိုမဟာပစ္စရိ အဒ္ဒကထာ ကုရုန္ဒိအဒ္ဒကထာတို့၌ ဆို အပ်သော စကားသည်။ အစိတ္တက ဘာဝေန၊ အစိတ္တက၏အဖြစ်နှင့်။ နသမေတိ၊ မည်။ ဘိက္ခုနိ၊ သည်။ ဝဿဝါသိကံ၊ မိုးသီးလပတ်လုံး နေလေ့ရှိသောရဟန်း အား လျှာအပ်သောသက်နိုးကို။ ။(ဝဿံဝသတီသိလေနာတိ။ ။တဿဒိန္နံ)။ ။ သစေဒေတိ၊ အံ့။ပါရိဝတ္တကမေဝ၊ ကိုသာလျှင်။ကာတဗ္ဗံ၊ ၏။ ။ပန၊ မပြု အပ်သည်ကိုဆိုပိမ့်။ဘိက္ခုနိ၊ သည်။ သင်္ကာရကူဋဒါဒိသူ၊ တမြက်ခြေး၏ အစု အစရှိသည်တို့၌။။(သင်္ကာရသဲ့ကူဋ်။ ။တံအာဒိဧတေသန္တိ)။ ။ပံသုကူလံ၊ ကို။ ဂဏ္ဌိဿန္တိ၊ကုန်လတ္တံ့။ ဣတိ၊ သို့။ မနသိကတ္ဝာ၊ ၍။သစေဃပေတိ၊ အံ့။ ပံသုကူလံ၊ဟူ၍၊ အဓိဋ္ဌဟိတ္ဝာ၊ ၍။ဂဏှာတုံ၊ ဌ်။ ဝဋ္ဋတိ၊ ၏။ အညာတိကာယအညာတိကသညိတိ။ ညီ–အစရှိသည်သည် ။ ။(ဣတိ သဒ္ဒါအာဒျတ္ထ)။ ။တိကပါစိတ္တိယံ၊သုံးချက်အတိုင်း အရှည်ရှိသော ပါစိတ် တည်း။ ။(တိဏ်းပရိမာဏမဿာတိတိကံ။ ။တိကဥ္စတံပါစိတ္တိယဥ္စာတိ)။ ။ ဧကေတောဥ်ပသမ္ပန္နာယာတိ၊ ကား။ ဘိက္ခုနိနံ၊ တို့၏။ သန္တိကေ၊ ၌။ ဥပသမ္ပန္နာယ၊ သော။။ဘိက္ခုနိယာ၊ ၏။ ဟတ္ထတော၊ မှ။ ဂဏှန္တဿ၊သော။ ဘိက္ခုနော၊ အား။ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ။ဘိက္ခူနံ၊ တို့၏။ ။ သန္တိကေ၊ ၌။ဥပသမ္ပန္နာယ၊ သော။ ဘိက္ခုနိယာ၊ ၏။ ဟတ္ထတော၊ မှ။ ဂဏှန္တဿ၊သော။ ဘိက္ခုနော၊အား။ ပါစိတ္တိယမေဝ၊ သည်သာလျှင်။ ဟောတိ၊၏။ ။ပရိဝတ္တေနဝါဝိပုလန္တိ၊ကား။ အပ္ပဋ္ဌစိဝရေနဝါ၊ အနည်း ငယ် အဘိုးထိုက်သောသက်နိုးဖြင့်လည်းကောင်း။။(အပ်ံအဋ္ဌတိတိအပ္ပဋ္ဌံ။ ။ အပ္ပဋ္ဌဥ္စဘံစိဝရဥ္စာတိ)။ ။ဥပါဟနတ္ထဝိက ပတ္တတ္ထဝိက အံသဗဒ္ဓက ကာယ ဗန္ဓနာဒိနာဝါ၊ ဖြင့်လည်းကောင်း။ မဟဋ္ဌံ၊ မျှားစွာအဘိုးထိုက်သော။ (မဟန္တံ အဋ္ဌတိတိမဟဋ္ဌံ)။ ၊စိဝရံ၊ ကို။စေတာပေတ္ဝာ၊ လဲလှယ်စေ၍။စိဝရံ၊ကို။ သစေ ပိပဋိဂ္ဂဏှာတိ၊ အံ့။ အနာပတ္တိ၊ သည်။ ဟောတိ၊၏။ မဟာပစ္စရိယံပန၊ ၌ကား။ အန္တမသော ဟရိဋကီခဏ္ဍနာပိတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ။အနက်။ ။ အန္တမသော၊ ယုတ်သော အဝိုင်းအခြားအား ဖြင့်။ ဟရိဋကီခ-ဏ္ဍနာပိ၊ သဖန်းခါး သီး၏ အပိုင်းဖြင့်လည်း။ ။(ဟရိဋကီနောခဏ္ဍော)။ ။စိဝရံ၊ ကို။ စေ တာပေတ္ဝာ၊ ၍။ စိဝရံ၊ ကို။ သစေပိပဋိဂ္ဂဏှာတိ၊ အံ့။အနာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ။လိုက်။ ။ဝိပုလေနဝါပရိတ္တန္တိဝစနံ၊ကို။ ဝုတ္တဝိပလ္လာသေန၊ ဆိုအပ်ခဲ့ပြီးသည်မှ ပြန်သောအားဖြင့်။ ။(ဝုတ္တတောဝိပလ္လာသော)။ ။ ဝေဒိတဗ္ဗံ၊ ၏။ ။အညံ်ပရိက္ခာရန္တိ၊ ကား။ အညံ်သက်နိုးမှ တပါးသော။ ပတ္တတ္ထဝိကာဒိံ၊ သော။ ယံကိဉ္စိ၊ သော။ ပရိက္ခာရံ၊ အဆောက်အဦကို။ ပန၊ မအပ်သည်ကိုဆိုပိမ့်။ဝိကပ္ပနုပဂပစ္ဆိမစိဝရပ္ပမာဏံ၊ ဝိကပ္ပနာလောက်

သော နောက်ဆုံးဦးဖြစ်သော သင်္ကန်း၏ အတိုင်းအရှည်ရှိသော။ ။(ပစ္ဆာ ဧာတံ။ ။ပစ္ဆိမ စီဝရံ။ ။ဝိကပ္ပနုပဂံ ပစ္ဆိမစီဝရံ။ ။တံပမာဏံ ဧတဿာ တိ)။ ။ဥဒ္ဓပရိဿာဝနမ္ပိ၊ ပုဆိုးရေစစ်သည်လည်း။ (ပဒ္ဓေါဧဝ ပရိဿာ ဝနံ)။ ။နဝဠတိ၊ မအပ်။ ။ယံစီဝရံ၊ သည်။ နေဝအဓိဋ္ဌာနုပဂံ၊မလောက်။ နဒ်ကပ္ပနုပဂံ၊ မလောက်။ သဗ္ဗံ၊ သော။တံစီဝရံ၊ သည်။ ဝဠတိ၊ ၏။ ။ မဇ္ဈပုမာဏော၊ ညောင်စောင်းအတိုင်းအရှည်ရှိသော။ ။(မဇ္ဈောဧဝမာ ဏံတေသာတိ)။။ဘိသိစ္ဆဝိ၊ဘုံလျှို၏အလွှမ်းသည်။ ။(ဘိသိယာဆဝိ)။ ။ သဓေပိဟောတိ၊အံ့။ ဝဠတိယေဝ၊တည်း။ ။ပတ္တတ္ထဝိကာဒီသုပန၊ တို့၌ကဲ့။ ကော၊ သော။ ဝါဒေါ၊ သည်။ အတ္ထိ၊ တွေ့အံ့နည်း။ ။သေသံ၊ သော။ ဝစနံ၊သည်။ ဥတ္တာနတ္ထာဒမဝ၊ တည်း။ သမုဋ္ဌာနာဒီသု၊ တို့၌။ ဣဒံသိက္ခာပဒံ့ သည်။ ဆသမုဋ္ဌာနံ၊ ၏။ ကြိယာကြိယံ၊ ၏။ နောသညဝိမောက္ခံ၊ ၏။ အ စိတ္တကံ၊ တည်း။ ပဏ္ဏတ္တိဝဇ္ဇံ၊ တည်း။ ကာယကမ္မ ဝစီကမ္မံ၊ တည်း။ တိစိတ္တံ၊ ၏ တိဝေဒနံ၊ ၏။ ဧကံဣဒံပရိဿမာပနံ၊ ကို။ ဒဠ္ဆဗ္ဗံ၊ ၏။

စိဝရပဋိဂ္ဂဟဏသိက္ခာပဒဝဏ္ဏနာ၊ သည်။နိဋ္ဌိတာ၊ ပြီ။ ။

''နိဿဂ္ဂိယဧဧဝရတ္တဝဂ္ဂ အညာတကဒိဋ္ဌိသိက္ခာပဒ''

ဧတနသမယေနတိအာဒိနာ၊ သော။ နိဒါနေန၊ ဖြင့်။ ပဋိမဏ္ဍိတံ၊သော။ သိက္ခာပဒံ၊ သည်။ အညာတကဒိဋ္ဌိတ္တိသိက္ခာပဒံ၊ တည်း။ တတ္ထတသ္မိံ အညာတကဒိဋ္ဌိတ္တိသိက္ခာပဒေ၌။ ဥပနန္ဒေါသက္ကပုတ္တောတိ၊ကား။ အသိတိ သဟဿမတ္တာနံ၊ ရှစ်သောင်းအတိုင်း အရှည်ရှိကုန်သော။ ။(အသိတိယာ ဂုဏိတံသဟဿံ။ ။တံ မတ္တာပမာဏံ ဧတေသန္တိ)။ ။သက္ယကုလာ၊ သာကီ ဝင်မင်းတို့၏အမျိုး၌။ (သက္ယာနံကုလံ)။ ။နိက္ခမ္မ၊ ကုန်၍။ ပဗ္ဗဇိတာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့တွင်။ ပဋိကိဋ္ဌော၊ ယုတ်သော။ လောဋ္ဌဖောတိ ကော၊ လျှပ်ပေါ်သောသဘောရှိသော။ ။(လောဋ္ဌဖောတိတေသာတိ)။ ။ သက္ကပုတ္တော၊ သော။ အာယသ္မာဥပနန္ဒေါ၊ သည်။ ။ထည့်။ ၊ပန္နောတိ၊ ကား။ သရသမ္ပန္နော၊ အသံနှင့်ပြည့်စုံသည်။ ကဏ္ဍမာဓုရိယေန၊ လည် ချောင်း၏ ကောင်းသည်၏အဖြစ်နှင့်။ ။(မဓုရဿ ဘာဝေါ၊ ။ကဏ္ဌဿ မာဓုရိယံ)။ ။သမန္နာဂတော်၊ သည်။ ဟုတ္တာ၍။ ဆေကော၊ လိမ်မာသည်။ သမတ္ထော၊ စွမ်းနိုင်သည်။ ပဋိဗလော၊ တတ်နိုင်သည်။ ။[သမ္ပန္နပုဒ်၊

နောက်မှထုတ်။ သရုပ်ရှေ့အကြောင်း။ **နိယာဓိ**]။ ။ကိသ္မိံ ဝိယ ၁တိ၊ကား။။ ကိံသုဝိယ၊ အဘယ်ကဲ့သို့။ ကိလေသောဝိယ၊ ညစ်နွမ်းသကဲ့သို့။ ဟိရော တ္တပ္ပဝသေန၊ ရှက်ခြင်း လန့်ခြင်း၏အစွမ်းဖြင့်။ ။(ဟိရိစဿြတ္တပ္ပဠူ။ ။တဿ ဝသေ၁)။ ။ကမွနံဝိယ၊ တုန်လှုပ်ခြင်းကဲ့သို့။ သင်္မနံဝိယ၊ လွန်စွာဘုန်လှုပ် ခြင်းကဲ့သို့၊ ။(သုဋ္ဌုကမွနံ)။ ။ဟော၁တိ၊ပါ၏။ ဣတိအယံ၊ ကား အတ္ထော၊ တည်း။ ။အန္ဓါနမဂ္ဂန္တိ၊ ကား။ အန္ဓါနသင်္ခါတံ၊ အဓွန့်ဟူ၍ဆိုအပ်သော။ ။ (အန္ဓါနံဣတိသင်္ခါတော၁)။ ။ဒီဃမဂ္ဂံ၊ရှည်သောခရီးကို။။(ဒီဃောမဂ္ဂေါ)။ ။ နဂရဝီတိမ္ပဂ္ဂံ၊ ပြည်သို့သွားကုန်ရာဖြစ်သော ခရီးကို။ ။(ဝိယန္တိ ဂစ္ဆန္တိ ဧတ္ထ၁ တိ။ ။နဂရဿဓိဝိ။ ။နဂရဝီသိစသာမဂ္ဂေါစာတိ)။ ။ဣတိအယံ၊သည်ကား။ အတ္ထော၊တည်း။။တေဘိဂ္ဂူ အစ္ဆိန္ဒိံ သူတို၊ ကား။ တေဘိဂ္ဂူ၊ တို့ကို။ ။ ထည့်။ ။မုသိံ သု၊ လုယက်ကြကုန်ပြီ။ နေသံဘိဂ္ဂူနံ၊ တို့၏။ ပတ္တစီဝရာနိ၊ တို့ကို။ ဟရိံ သု၊ကုန်ပြီ။ ဣတိအယံ၊သည်ကား။အတ္ထော၊တည်း။ ။အနုယုဉ္ဇ တိတိ၊ ကား။ ဘိဂ္ဂုဘာဝဇာနနတ္ထာယ၊ ရဟန်းတို့၏ အဖြစ်ကို သိရခြင်း အကျိုးငှါ။ ။(ဘိဂ္ဂူနံဘာဝေါ။ ။တဿဇာနနံ။ ။တမေဝအတ္ထော)။ ။ပုစ္ဆ၊ ပါဠိ:လော။။ အနုယုဉ္ဇိယမာနာတိ၊ ကား။ ပဗ္ဗဇ္ဇာဥပသမ္ပဒါ ပတ္တစီဝရာဓိဋ္ဌာ နာဒီနိ၊ ရှင်၏အဖြစ် ပဉ္စင်း၏အဖြစ် သပိတ်သင်္ကန်းတို့ကဲ့ အဓိဋ္ဌာန်တင်ခြင်း အစရှိသည်တို့ကို။ ။(ပတ္တာစစီဝရာနိစ။ ။တေသံအဓိဋ္ဌာနံ။ ။ပဗ္ဗဇ္ဇာစဥပ သမ္ပဒါစပတ္တစီဝရာဓိဋ္ဌာနဥ္စ။ ။တံအာဒိတေသံဝိကပ္ပနာဒိနန္တိ)။ ။ပုစ္ဆိယ မာနာ၊ ကုန်သည်ရှိသော်။ ။တေမတ္ထံအာရောစေသုန္တိ၊ကား။ ဘိဂ္ဂုဘာဝံ၊ ကို။ ဇာနာပေတွာ၊ ကုန်ပြီး၍။ ယောအတ္ထော၊ အကြင်အကြောင်းကို။ သာကေတာသာဝတ္ထိံ အန္ဓါန မဂ္ဂပဋိပန္နာတိအာဒိနာ၊သော။ နယေန၊ဖြင့်။ ဝုတ္တော၊ ပြီ။ တေမတ္ထံ၊ ကို။အာရောစေသုံ၊ ကုန်ပြီ။ ။

အညာတကံဂဟပတိံဝါတိအာဒီသု၊ ကုန်သော။ ပဒေသု၊ တို့၌။ ယံဝစနံ၊ ကို။ ပရတော၊ မှ။ တိဏေနဝါပဏ္ဏေနဝါပဋိစ္ဆာဒေတွာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ တံဝစနံ၊ ကို။ အာဒိံကတွာ၊ ၍။ ဧဝံ၊ သို့။ အနုပုဗ္ဗကထာ၊ အစဉ်ဖြစ်သောစကားကို။ ။(ပုဗ္ဗာယအနုရူပါအနုပုဗ္ဗာ။ ။အနုပုဗ္ဗာစသာ ကထာစာတိ)။ ။ဝေဒိတဗ္ဗာ၊ ၏။ စောရေ၊ တို့ကို။ ပဿိတွာ၊ ကုန်၍။ ဒဟရာ၊ တို့သည်။ ပတ္တစီဝရာနိ၊ တို့ကို။ ဂဟေတွာ၊ ကုန်၍။ ၃သစေပလာ တာ၊ ကုန်အံ့။ စောရာ၊ တို့သည်။ ထေရာနံ၊ တို့၏။ နိဝါသနပါရုပနမတ္တ မေဝ၊ ကိုသာလျှင်။ ဟရိတွာ၊ ကုန်၍။ သစေဂစ္ဆန္တိ၊ ကုန်အံ့။. ထေရေဟိ၊ တို့သည်။ တာဝ၊ စွာ။ စိဝရံ၊ ကို။ နေဝိညာပေတဗ္ဗံ၊ ၃ သေးသည်သာ

လျှင်တည်း။ သာခါပလာသံ၊ သစ်ခက်သစ်ရွက်ကို။ ။(သာခါစပလာ သောစ)။ ။နေဝဘဉ်တဗ်ဲ၊ သေးသည်သာလျှင်တည်း။ ။ဝေလိုက်။ ။ ဒဟာရာ၊ တို့သည်။ သဗ်ဲ၊ သော။ ဘဏ္ဍာဂါး၊ သက်နိုးအထုပ်ကို။ ဆန္ဒေတွာ၊ ကုန်၍။ အာသပလာတာ၊ ကုန်အံ့။ စောရာ၊ တို့သည်။ ထေရာနံ၊ တို့၏။ နိဝါသနပါရုပနဥ္စ၊ ကိုလည်းကောင်း။ တဉ္စဘဏ္ဍာဂါး၊ ကိုလည်းကောင်း။ ဂဟေတွာ၊ ကုန်၍။ အဆဂစ္ဆန်တီ၊ ကုန်အံ့။ ဒဟာရေဟိ၊ တို့သည်။ အာဂန္တွာ၊ ကုန်၍။ အတ္တနော၊ ၏။ နိဝါသနပါရုပနာနိ၊ တို့ကို။ တာဝ၊ စွာ။ ထေရာနံ၊ တို့အား။ နဒါတဗ္ဗာနိ၊ ကုန်သေး။ ။ကသ္မာ၊ ကြောင့်။ နဒါတဗ္ဗာနိ၊ ကုန်သေးသနည်း။ ။ဟိယသ္မာ၊ ကြောင့်။ အနစ္ဆိန္နစီဝရာ၊ ခိုးသူတို့သည် မလုယက်အပ်သော သက်နိုးရှိကုန်သော။ ။(နအစ္ဆိန္နံ။ ။အနစ္ဆိန္နစီဝရံ ဇေတသန္တီ)။ ။ဘိက္ခူ။၊ တို့သည်။ အတ္တနော၊ ၏။ အတ္ထာယ၊ ၄ ။ သာခါပလာသံ၊ ကို။ ဘဉ်တုံ၊ ၄၂။ နလဘန္တီ၊ ကုန်။ အစ္ဆိန္နစီဝရာနံ၊ ကုန်သော ဘိက္ခူနံ၊ တို့၏။ အတ္ထာယပန၊ ၄၂ကား။ သာခါပလာသံ၊ ကို။ ဘဉ်တုံ၊ ၄၂။ လဘန္တီ၊ ကုန်၏။ အစ္ဆိန္နစီဝရာ၊ ကုန်သော။ ဘိက္ခူ၊၀၊ တို့သည်သာလျှင်၊ အတ္တနောပိ၊ ၏လည်းကောင်း။ အညေသံ၊ မိမိမှတပါး ကုန်သော ဘိက္ခူနမ်ပိ၊ တို့၏လည်းကောင်း။ အတ္ထာယ၊ ၄၂။ သာခါ ပလာသံ၊ ကို။ ဘဉ်တုံ၊ ၄၂။ လဘန္တီ၊ ကုန်၏။တသ္မာ၊ ကြောင့်။ နဒါဘဗ္ဗာနိ၊ ကုန်သေးသတည်း။ ။ပြန်။ တသ္မာ၊ ကြောင့်။ ဆေရေဟိ၀ါ၊ တို့သည် လည်း သာခါပလာသံ၊ ကို။ ဘဉ်ဘွာ၊ ကုန်၍။ ၀ါကာဒီဟိ၊ လျှော် အစရှိသည်တို့ဖြင့်။ဂန္ထေတွာ၊ကုံးကုန်၍။ ၀ါ၊ ပွဲကုန်၍။ ထေရာနံ၊ တို့အား၊ ဒါတဗ္ဗံ၊ ၏။ ဒဟာရေဟိ၀ါ၊ တို့သည်လည်း။ ထေရာနံ၊ တို့၏။ အတ္ထာယ၊ ၄၂။ သာခါပလာသံ၊ ကို။ ဘဉ်တွာ၊ ကုန်၍။ ၀ါကာဒီဟိ၊ တို့ဖြင့်။ ။ လိုက်။ ။ဂန္ထေတွာ၊ ကုန်၍။ တေသံထေရာနံ၊ တို့၏။ ဟတ္ထေ၊ ၌။ ဒတွာ၀ါ၊ ကုန်၍လည်းကောင်း။ အဒတွာ၀ ။ ကုန်မူ၍လည်းကောင်း။ အတ္တနော၊ သည်။ နိ၀ါသေတွာ၊ ကုန်၍။ အတ္တနော၊ ၏။ နိ၀ါသနပါရုပနာနိ၊ တို့ကို။ ထေရာနံ၊ တို့အား။ ဒါတဗ္ဗာနိ၊ ကုန်၏။ ဘူတဂါမပါတဗျတာယ၊ သစ်ပင်တို့၏အပေါင်းကိုဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိယံ၊ သည်။ နေ၀ ဟောကို၊ သည်သာလျှင်တည်း။ တေသံသာခါပလာသာနံ၊ တို့ကို။ ဓာရ ဏော၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ နေ၀ဟောကို၊ တည်း။ အန္တရာမ၇္ဂေ၊ ၌။ ရဇကတ္ထရဏံ၀ါ၊ ကဝါသည်တို့၏ဆိပ်သည်လည်း။ သစေဟောတိ၊ အံ့။ အညေ၊ကဝါသည်တို့မှ ပါးကုန်သော။ တာဒိသေ၊ ထိုကဝါသည်တို့ကဲ့သို့ ရှာဒါပ်ကုန်သော။မနုဿေ၀ါ၊ တို့ကိုလည်း။ သစေပဿန္တီ၊ကုန်အံ့။ စိ၀ရံ၊ ကို။

ဝိညာပေတုံ၊ ၏။ ယာနိဝတ္ထာနိ၊ တို့ကို။ နေသံဘိက္ခူနံ၊ ထိုတောင်းကုန်သော ရဟန်းတို့အား။ တေဝိညတ္တိမနုဿာဝါ၊ ထိုတောင်းအပ်ကုန်သော လူတို့ သည်လည်းကောင်း။။(ဝိညာပိယန္တီဘိ။။ဝိညတ္တိယောစတေမနုဿာစာတိ)။။ အဉ္ဉေ၊ တောင်းအပ်ကုန်သောလူတို့မှပါး ကုန်သော။ သာခါပလာသံ နိဝါသနေ၊ သစ်ခက်သစ်ရွက်ကိုဝတ်ကြကုန်သော။ ။(သာခါပလာသံနိဝါသနာ)။။တေဘိက္ခူ။၊ တို့ကို။ဒိသ္ဝာ၊ကုန်၍။ဥဿာဟဇာတာ၊ဖြစ်သောအားထုတ် ခြင်းရှိကုန်သော။ ။(ဥဿာဟေဇာတောဒေတသန္တိ)။ ။မနုဿာဝါ၊ တို့သည်လည်းကောင်း။ ဒေန္တိ၊ ကုန်အံ့။ သဒ်သာနိဝါ၊ အဆာရှိကုန်သည်မူ လည်း။ ။(သံဝိဇ္ဇတိဒသာတေသန္တိ)။ ။ဟောန္တု၊ ကုန်။ အဒဿာနိဝါ၊ ကုန်သည်မူလည်း။ ။(နတ္ထိဒသာတေသန္တိ)။ ။ဟောန္တု၊ ကုန်။ နိလာဒိ နာနာဝဏ္ဏာနိဝါ၊ အညိုအစရှိသော အထူးထူးသော အဆင်းရှိကုန်သည်မူ လည်း။။(နီလံအာဒိဇေတသဒ္ဒနာနာဝဏ္ဏသာဘာ နီလာဒိ။ ။နာနာဝိသေသော ဝဏ္ဏော။ ။နီလာဒိ နာနာဝဏ္ဏောတေသန္တိ)။ ။ဟောန္တု၊ ကုန်။ ကပ္ပိယာနိပိ၊ ကုန်သော။ အကပ္ပိယာနိပိ၊ ကုန်သော။ တာနိစဝတ္ထာနိ၊ တို့သည်လည်း။ ။ စသဒ္ဒါအဋ္ဌာနပယုဂ်။။ ။အစ္ဆိန္နစိဝရဋ္ဌာနေ၊ ခိုးသူတို့သည်လုယက်အပ်သော သက်နှံးရှိကုန်သောရဟန်းတို့၏အရာ၌။ ။(အစ္ဆိန္နစိဝရာနံဋ္ဌာနံ)။ ။ဋ္ဌိတတ္တာ၊ တည်ကုန်သည်တို့၏အဖြစ်ကြောင့်။ ။(ဋ္ဌိတာနံဘာဝေါ)။ ။တေသံဒဟရာနံ၊ တို့အား။ နိဝါသေတုဥ္စ၊ဌ ါလည်းကောင်း။ ပါရုပိတုဥ္စ၊ ဌ ါလည်းကောင်း။ ဝဋ္ဋန္တိ၊ ကုန်၏။ ။ဟိသစ္စံ၊ ၏။ ပရိဝါရေ၊ ဌ်။ ။အကပ္ပကတံ။ ပ။စိန္တိတာတိ၊ ဟူ၍။ ဝါ၊ ဟူသော။ တေဝံစနံ၊ ကို။ ဝုတ္တမ်ိ၊ တည်း။ ။

အနက်။ ။ယောဘိက္ခု၊ သည်။ယံဝတ္ထုံ၊ ကို။ အကပ္ပကတမ်ိ၊ ကပ္ပ ဗိန္ဒု၊ထိုခြင်းကိုလည်းမပြုအပ်။ ရဇနာယပိ၊ ဆိုးရေဖြင့်လည်း။ နရတ္ထုံ၊ မဆိုးအပ်။ ဧတနဝတ္ထေန၊ ဖြင့်။ နိဝတ္ထော၊ ဝတ်လျက်။ ယေနကာမံ၊ အကြင်အလိုရှိရာဖြစ်သောအရပ်သို့။ ဂစ္ဆေယျ၊သွား၏။ အဿဘိက္ခု၊နော၊ အား။ အာပတ္တိစ၊ သည်လည်း။ နဟောသိ၊ မဖြစ်။ သောစမဒ္ဓော၊ ထိုအာပတ်၏မဖြစ်ခြင်းသဘောကိုလည်း။ သုဂတေန၊ သည်။ ဒေသိတော၊ ပြီ။ သောပဥ္စ၊ ကို။ ကုသလေဟိ၊ ကုန်သော။ ပဏ္ဍိတေဟိ၊ တို့သည်။ စိန္တိတာ၊ ၏။ ။(အမေး)။ ။ယောဘိက္ခု၊ အကြင်ခိုးသူတို့သည်လုယက် အပ်ပြီးသောသက်နှံးရှိသောရဟန်းသည်။ ယံဝတ္ထုံ၊ ကို။ပ။ ဝဇေယျ၊ ရာ၏။ အဿဘိက္ခု၊နော၊ထိုခိုးသူတို့သည်လုယက်အပ်ပြီးသောသက်နှံးရှိသောရဟန်း အား။ ပ။ စိန္တိတာ၊ ၏။ ။(အဖြေ)။

ဟိသစ္ဝံ၊ ၏။ အယံပဥ္ဥော၊ ကို။ အစ္ဆိန္နစိဝရကံ၊ သော။ ဘိက္ခု၊ ကို။ သန္ဒာယ၊၍။ ဝုဒ္ဓော၊ ပြီ။ပန၊ ပါး။တိတ္ထိယဟိ၊ တို့နှင့်။ သဟ၊ကွ။ အထ ဂစ္ဆန္တိ၊ ကုန်အံ့။ တေစတိတ္ထိယာ၊ တို့သည်လည်း။ နေသံဘိက္ခူ၊နံ့၊ တို့အာ။ ကုသစိရဝါ၊ကဒိ၊ဖလကစိရာနိ၊ သမန်းမြက်တို့ကိုကုံး၍ပြုအပ်သောသင်္ကန်း လျော်တေသင်္ကန်း ပျဉ်ချပ်တို့ကိုစပ်၍ပြုအပ်သောသင်္ကန်းတို့ကို။ ဒေန္တိ၊ ကုန် အံ့။ဟာနိပိကုသစိရဝါကစိရဖလကစိရာနိ၊ တို့ကိုလည်း။လဒ္ဓိ၊ကို၊ အဂ္ဂဟေ တွာ၊ ကုန်မူ၍။ နိဝါသေတု၊ ငှါ။ဝန္နဘ်ိ၊ကုန်၏။ ။နိဝါသေတွာပီ၊ ကုန်ပြီး၍ လည်း။ လဒ္ဓိ၊ ကို။ နဂဟေတဗ္ဗာ၊ အပ်။ ဣတိ၊ သို့။ အနုပုဗ္ဗာကထာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ ။ပြန်။ ။ဣဒါနိဣမသ္မိံ ကာလေ၊ ၌။ ယံ။ ပ။ စိဝရံဝါ တိအာဒိသု၊ ကုန်သော။ ဝစနေသု၊ တို့၌။ယံစိဝရံ၊ ကို။ မနုဿာ၊ တို့သည်။ အာဝါသံ၊ ကို။ ကာရေတွာ၊ ကုန်၍။ စတ္တာရောပိ၊ ကုန်သော။ အမှာကံ ဃော၀၊ တို့၏သာလျှင်။ သန္တကာ၊ ကုန်သော။ ပစ္စယာ၊ တို့သည်။ ပရိ ဘောဂံ၊ သုံးဆောင်အပ်ကုန်သည်တို့၏အဖြစ်သို့။ ဂစ္ဆန္တု၊ ကုန်သတည်း။ ဣတိ၊ သို့။ စိန္တေတွာ၊ ကုန်၍။ အတ္ထာနာ၊ သည်။ ကာရာပိတော၊ သော။ အာဝါသေ၊ ၌။ ထပေန္တိ၊ကုန်၏။ တံစိဝရံ၊ သည်။ ဒဟာရစိဝရံနာမ၊ မည်၏။ ။ထည့်-ပြန်။ ။ဘေံစိဝရံ၊ သည်။ ဒဟာရစိဝရံနာမ၊ မည်၏။ (နိ) ။ ။ ။

မဉ္ဇကာဿ၊ ၏။ ဥပရိ၊ ၌။ အတ္ထရဏာကံ၊ ခင်းအပ်သောအခင်းကို။ ဥတ္တ ရတ္ထရဏန္တိ၊ ဟူ၍။ ပုဗ္ဗတိ၊ ၏။ ယံအတ္ထရဏံ၊ ကို။ ပရိကမ္မကတာယ၊ အပြေအပြစ်ပြုအပ်သော။ ဘူမိယာ၊ ကို။ ရက္ခဏတ္ထံ၊ ငှါ။ စိမိလိကာဟိ၊ ပုဆိုးနွမ်းတို့ဖြင့်။ ကတွာ၊ ကုန်၍။ အတ္ထရန္တိ၊ ကုန်၏။ တံအတ္ထရဏံ၊ ကို။ ဘူမတ္ထရဏန္တိ၊ ဟူ၍။ ဝုဗ္ဗတိ၊ ၏။ ။ပြန်။ ။တဿဘူမတ္ထရဏဿ၊ ၏။ ဥပရိ၊ ၌။ တန်ဆံကံ၊ သဘော့ဖျာကို။ ပတ္ထရိတွာ၊ ဖြန့်ခင်းကုန်၍။ စက်မန္တိ၊ ကုန်၏။ ။ဘိသိစ္ဆဝိတိ၊ ကား။ မဉ္ဇဘိသိယာဝါ၊ ၏လည်းကောင်း။ ပိဋ္ဌ ဘိသိယာဝါ၊ ၏လည်းကောင်း။ ဆဝိ၊ အလွှမ်းတည်း။ ပုရိတာ၊ လဲဖြင့်ပြည့် စေအပ်သည်။ သစေဟောတိ၊ အံ။ ဝိဓုနိတွာပိ၊ ခါ၍လည်း။ ဂဟေတုံ၊ ငှါ။ဝဋ္ဋတိ၊၏။ ဧဝံသို့။ ဧတေသုဝိဟာရစိဝရာဒီသု၊ ထိုကျောင်း၌ထား၍ပ သောသင်္ကန်းအစရှိသည်တို့တွင်။ ဝါ၊ ထိုကျောင်း၌ထား၍သောသင်္ကန်း အထက်အောင်း မြေအောင်း ဘုလျှိုး၏ အလွှမ်းတို့တွင်။ယံဝိဟာရစိဝရာဒီ၊ သည်။ တဉ္ဉတသ္မိံ အာဝါသေ၊ ၌။ ဟောတိ၊ အံ့။ တံဝိဟာရစိဝရာဒီ၊ကို။ အနာဝုဿာပ်ဟ၍လည်း။ ၊ဂဟေတွာ၊၍။နိဝါသေတုံ၀ါ၊ငှါလည်းကောင်း။

ပါရုပိတု ံဝါ၊ ဌါလည်းကောင်း။ အစ်ဆိန္နစိဝရာကာနံ၊ ကုန်သော။ ဘိက္ခူနံ တိုအား။ ဝါ၊ တိုသည်။ လဇ္ဇတိ၊ ၏။ ဣဘိ၊ သို့။ ဝေဒိတပ္ပံ၊ ၏။ခေါ်၊ စစ်။ တာဒိဝိဟာရစိဝရာဒိ ံ၊ ကိုလည်း။ လဘိတွာ၊ ၍။ ဩဒ ဟိသာမိ၊ထားအံ့။ပုန၊ ဘန်။ ထပေသိမိ၊ ပြန်၍ထားအံ့။ ဣတိဣမိနာ အဓိပ္ပါ၊ယနာ၊ ဖြင့်း အနာပုစ္ဆာပိ၊ ၍လည်း။ ဂဟေတွာ၊ ၍။ နိဝါသေတု ံဝါ၊ ဌါလည်းကောင်း။ ပါရုပိဘု ံဝါ၊ ဌါလည်းကောင်း။ အစ်ဆိန္နစိဝရကာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တိုအား။ ဝါ၊ တိုသည်။ လဇ္ဇတိ၊ ၏။ မူလစ္ဆဏ်ာယ၊ ဖြင့်။ အနာပုစ္ဆာပိ၊ မူ၍လည်း။ ဂဟေတွာ၊ ၍။ နိဝါသေတုံဝါ၊ ဌါလည်းကောင်း။ ပါရုပိဘု ံဝါ၊ ဌါလည်းကောင်း။ အစ်ဆိန္နစိဝရိကာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တိုအား။ ဝါ၊ တိုသည်။ နလဇ္ဇတိ၊ အပ်။ ။လိုက်။ ။ပန၊ စင်စစ်သော်ကား။ ဥာတိတောဝါ၊ မှလည်းကောင်း။ ဥပဋ္ဌာကဒေါဝါ၊ မှလည်းကောင်း။ အညဒတ္ထာ၊ အဆွေအမျိုးအလုပ်အကျွေးမှတပါးသော။ ကုဇောစိဝါ၊ တစုံးတယောက်သောသူမှလည်းကောင်း။ လဘိတွာစ၊ ၍လည်း။ ပါကတိကမေဝ၊ ပြကတေ့အားဖြင့် ထားအပ်သည်ကိုသာလျှင်။ ။(ပကတိယာထပေဘဗ္ဗံပါကတိကံ)။။ကာတဗ္ဗံ၊ ၏။ ဝိဒဿဂတေန၊ တပါးသောအရပ်သို့သွားသော။ ။(ဝိသေသော ဒေသော။ ။တံဂတော)။ ။ဘိက္ခုနာ၊ သည်။ ကေသို့ သော။သံဃိဒ္ဓ၊ သံဃာ၏ဥစ္စာဖြစ်သော။ ။(သံဃဿအယံ)။ ။အာဝါသေ၊ ၌။ သံဃိက ပရိဘောဂေန၊ သံဃာ၏ဥစ္စာဟူ၍ဖြစ်သောအမှတ်ဖြင့်သုံးဆောင်းခြင်းဖြင့်။ (သံဃိကန္တိသညာယပရိဘောဂေါ)။။ပရိဘုဉ္ဇနတ္ထာယ၊ဌ။ သဓေသဒ္ဓံ၊၏။အဿ ဘိက္ခုနော၊ အား။ ဝါ၊၏။ ပရိဘောဂေနေဝ၊ တပါးသောသက်နဲ့းကိုမရ၍ သုံးဆောင်ခြင်းကြောင့်သာလျှင်။ ဝိဟာရစိဝရာဒိ၊ သည်။ သစေဇိရတိဝါ၊ အံ့။ သစေနသိယတိဝါ၊ အံ့။ ဂီဝါ၊ သည်။ နဟောတိ၊ မဖြစ်။ ပန၊ ဆက်၍ဆိုဦးအံ့။ ဝုတ္တာ ကာရဂိဟိဝတ္ထာဒိနံ၊ ဆိုအပ်ခဲ့ပြီးသောအပြားရှိသော လူဘို့၏အာဘ်အစရှိကုန်သော။ ။(ဝုတ္တော ဟကာရော ဇေတသန္တိ။ ။ဂိဟိနံ ဝတ္ထံ။ ။တံ အာဒိယေသန္တိ။ ။ဝုတ္တပကာရာနိစ တာနိ ဂိဟိဝတ္ထာဒိနိစာတိ) ဘိသိဿ်ဆဝိပရိယနာနံ၊ ဘုံလျှို၏အလွမ်းအဆုံးရှိကုန်သော။ ။(ဘိသိဿ်ဆဝိ ပရိယန္တောဇေတသန္တိ)။ ။တေသံဝတ္ထာနံ၊ တို့ဘွင်။ ကိဉ္စိ၊ သော။ ဝတ္ထံ၊ ကို။ သစေနလဇ္ဇတိ၊ အံ့။ တေနဘိက္ခုနာ၊ ထိုမရသောရဟန်းသည်။ တိဏေနဝါ၊ ဖြင့်သော်လည်းကောင်း။ ပဏ္ဏေန၊ ဖြင့်သော်လည်းကောင်း။ ပဋိစ္ဆာဒေတွာ၊ ၍။ အာဂန္တုမ်ံ၊ ရာ၏။ ဣတိ သို့။ အနုပုဗ္ဗကထာ၊ ကို။ ဝေဒိဘဗ္ဗာ၊ ၏။ ။ပြန်။ ။

